# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၄၈) ၊ ၁၃၈၆ ခုနှစ် ၊ ပြာသိုလပြည့်ကျော် ၃ ရက် ၊ ၁၆-၁-၂၀၂၅၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနား တက်ရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဇန်နဝါရီ ၁၅**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်သည့် (၇၃) နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ဖတ်ကြားစဉ်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဦးရွှေကြိမ်၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဉာဏ်ထွန်းနှင့် ဒေါက်တာ ညွှန့်ဖေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအဖွဲ့အကြံပေးအဖွဲ့ဝင် စောဒန်နီယယ်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဦးဉာဏ်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသကွပ်ကဲရေးမှူးတို့က ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အထိမ်းအမှတ် မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားကို ပြည်နယ်ခန်းမ၌ ဆက်လက်ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ရောက်ရှိနေရာယူပြီး နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့ကို အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်သဝဏ်လွှာကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်နေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ဆက်လက်၍ (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုရရှိသူများ၊ ပဥ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲနှင့် (၂၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူများအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ **စာမျက်နှာ ၃ သို့ ⌘**

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁၅)ရက်နေ့**
**ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

**၂၀၂၅ ခုနှစ် ၊ ဇန်နဝါရီ ၁၆ ရက်၊ ကြာသပတေးနေ့။**

မန္တလေးနေ့စဉ်

# ပညာကို အရွယ်မရွေး၊ နေရာမရွေး၊ အချိန်မရွေး၊ ရှာဖွေဆည်းပူးရမည်

ပညာသည် လူတိုင်းအတွက် မိတ်ဆွေကောင်းဖြစ်သည်။ လူတိုင်းတွင် အကျိုးအပြစ်ကို ခွဲခြားနိုင်စွမ်းရှိရန်အတွက် ပညာရှိမှသာဖြစ်မည်။ သို့မှသာ အကောင်း၊ အဆိုး၊ အမှား၊ အမှန်ကို ပိုင်းခြားဆင်ခြင် သိမြင်နိုင်မည်လည်းဖြစ်သည်။ လောကနီတိတွင် "ဤလောက၌ အတတ်ပညာသည် အဆွေခင်ပွန်းဖြစ်၏ တမလွန်၌ ချမ်းသာကို ဆောင်တတ်၏"ဟု ဆိုထားသည်။

ပညာသည် လူတိုင်းအတွက် မွေးလာသည်မှ သေသည်အထိ စစ်မှန်သော မဖောက်ပြန်သော အဆွေခင်ပွန်းလည်း ဖြစ်သည်။ လူသားတိုင်း၏ အတွေးအခေါ်၊ အပြုအမူ၊ အဆင့်အတန်းကို ပညာကသာ ပြုပြင်မြှင့်တင်ပေးပါသည်။ ဘဝတွင် အခက်အခဲအကျပ်အတည်း တစ်စုံတစ်ရာကြုံတွေ့ရပါကလည်း ပညာဖြင့်သာ ဆင်ခြင်ဖြေရှင်းရမည်ဖြစ်သည်။ ထို့ကြောင့် ပညာကို အရွယ်မရွေး၊ နေရာမရွေး၊ အချိန်မရွေး ရှာဖွေဆည်းပူးရမည်ဖြစ်သည်။

ပညာတတ်သူသည် အရာရာကို ချင့်ချိန်နိုင်းဆ ဆောင်ရွက်နိုင်ကြသည်။ ထို့ကြောင့် ပညာသည် မိတ်ဆွေကောင်း ဖြစ်သည်။ လောကတွင် အသက်မွေးမှုမှန်သမျှသည် ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုခြင်းသည် မြတ်သော အသက်မွေးခြင်းဖြစ်သည်။ ထို့ပြင် ပညာဟုဆိုရာတွင် ကျောင်းသင်ဘာသာရပ်တစ်ခုတည်းကိုသာ ပညာဟု မဆိုနိုင်ပါ။ အသက်မွေးမှု အတတ်ဟူသမျှကို ပညာဟုဆိုနိုင်ပါသည်။

ကျောင်းသားတိုင်း သင်ကြားနေရသည့် ကျောင်းသင်ဘာသာရပ်သည် ပညာ၏ အခြေခံသာဖြစ်သည်။ ပညာတွင် အသိပညာနှင့် အတတ်ပညာတို့ ပါဝင်ပါသည်။ ဝိဇ္ဇာ၊ သိပ္ပံ အသိအတတ်ပညာရပ်တစ်ခုခုကို တတ်မြောက်လျှင် အသက်မွေးဝမ်းကျောင်းပြုနိုင်ပါသည်။ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ ပညာကို အရင်းခံကာ ဘဝတည်ထောင်သူတို့မှာ မြင့်မားသောအဖြစ်သို့ ရောက်ရှိကြရသည်။ ပညာရှိသူနှင့် ပညာမဲ့သူ မတူနိုင်ပါ။ အလင်းနှင့် အမှောင်ကဲ့သို့ ကွဲပြားခြားနားနေမည်ဖြစ်သည်။

ပညာသည်သာ လူတိုင်းအတွက် ဘဝအဆင့်အတန်းမြင့်အောင် တွန်းအားပေးသည်။ ပညာကြောင့် ချီးမြှောက်ခံရပုံ၊ ဘဝအဆင့်မြင့်မားပုံများကို လောက၌ သာဓကများတွင် အထင်အရှားတွေ့နိုင်ပါသည်။ ဆီမီးတိုင်သည် အမှောင်ခွင်း၍ အလင်းဆောင်သကဲ့သို့ ပညာသည် အမှောင်ထုကို အလင်းဆောင်ပေးပါသည်။ ပညာတတ်သူသည် မိမိတစ်ဦးတည်း၏ အကျိုးစီးပွားအတွက်သာမက ပတ်ဝန်းကျင်ရှိ လူအများ၏ အကျိုးကိုလည်း ဆောင်ရွက်နိုင်ပါသည်။

ပညာသည် ပင်လယ်သမုဒ္ဒရာပမာ အတိုင်းအဆ အကန့်အသတ်မရှိ ကျယ်ဝန်းနက်နဲလှပါသည်။ ယနေ့ကမ္ဘာပေါ်တွင် သိမှတ်စရာ အတတ်ပညာများ တိုးတက်လျက်ရှိသည်။ ထို့ကြောင့် ပညာကို မနေမနား ကြိုးစားရှာဖွေနိုင်မှသာ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။ တရုတ်အတွေးအခေါ်ပညာရှင် ကွန်ဖြူးရှပ်၏ အဆိုအမိန့်မှာလည်း မှတ်သားဖွယ်ဖြစ်ပါသည်။ "ကျွန်ုပ်သည် မွေးကတည်းက ပညာရှင်အဖြစ် မွေးလာသူမဟုတ်ပါ။ ပညာကို သိလိုဇောဖြင့် မနေမနား ကြိုးစား၍သာ အားထုတ်ခဲ့ရပါသည်"ဟူ၍ ဖြစ်သည်။ ပညာဆည်းပူးရာတွင် လိုချင်စိတ်၊ တတ်ချင်စိတ်၊ သိချင်စိတ်သာလျှင် အဓိကဖြစ်သည်။

သို့ဖြစ်ရာ ပညာသည် လူတိုင်း၏ စိတ်နေစိတ်ထား၊ အယူအဆအတွေးအခေါ်များကို ပြောင်းလဲစေနိုင်သည်။ ပညာကို အရွယ်မရွေး၊ နေရာမရွေး၊ အချိန်မရွေး ရှာဖွေဆည်းပူးရမည်ဖြစ်သည်။ ယနေ့ခေတ် ကျောင်းသားလူငယ်များ အနေဖြင့် ပညာပြည့်ဝ နှလုံးလှသူများဖြစ်အောင် ကြိုးစားအားထုတ်သင့်ပါကြောင်း ရေးသားလိုက်ရပေသည်။

၀-၀-၀-၀-၀



## ကျောက်ဆည်ခရိုင် လူထုအခြေပြုပဟိုဌာနတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် ဇန်နဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထု အခြေပြုဗဟိုဌာနတွင် ယမန်နေ့ မွန်းလွဲ ၂ နာရီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပပြုလုပ်သည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက မော်တော်ဆိုင်ကယ်စီးလျှင် လိုက်နာရမည့်အချက်များ၊ ယာဉ်မောင်းသူများလိုက်နာရန် အချက်များ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအကြောင်း၊ မော်တော်ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မေးသိုင်းကြိုးတပ်ရန်၊ အချက်ပြမီး၊ ဘရိတ်မီးများ ကောင်းမွန်ရန်၊ ယာဉ်ကြောပြောင်းပြန်မစီးရန်၊ မူးယစ်သောက်စားပြီးမမောင်းရန်၊ သတ်မှတ်ယာဉ်ကြောမှ မောင်းရန်၊ ဖြောင့်တန်းစွာမောင်းရန်၊ ပြိုင်မမောင်းရန်၊ ယာဉ်မောင်းနှင့် ယာဉ်လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ်များကို ကိုယ်တွင် တပ်ဆင်ရန်အကြောင်းအရာများ ဟောပြောခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက လမ်းဖြတ်ကူးပါက ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့်ပြီး လမ်းရှင်းမှ ကူးရန်၊ လူကူးမျဉ်းကြားမှ ကူးရန်၊ ယာဉ်မောင်းလိုင်စင်ပါမှ ယာဉ်မောင်းရန်၊ ယာဉ်မောင်းနေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရန်၊ လိုင်စင်ခွင့်မပြုထားသောယာဉ်များ မမောင်းရန်၊ ယာဉ်ကို ဘေးအန္တရာယ်ဖြစ်အောင် မမောင်းရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်များနှင့် အရွယ်မရောက်သေးသော ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ခြင်း၊ ကလေးအလုပ်သမားပပျောက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

**စုစုအေး(ကျောက်ဆည်)**

## မြေဆီလွှာပွံ့ဖြိုးတိုးတက်စေရေးအတွက် ပိုက်ဆံလျှော်(သစ်စိမ်း) သဘာဝမြေဩဇာ ဧက ၃၀ စိုက်ပျိုးဆောင်ရွက်

**ပွင့်ဖြူ ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (မျိုးသန့်ခြံ)က ပြည်သူများ စားနပ်ရိက္ခာ ဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အထွက်နှုန်းကောင်းသော မျိုးကောင်း မျိုးသန့် မျိုးစေ့များ ဖြန့်ဖြူးပေးနိုင်ရေး နှစ်စဉ် မိုးရာသီနှင့် ဆောင်းရာသီကာလတွင် စပါး၊ ကုလားပဲ၊ နေကြာ စသည့် မျိုးစေ့ထုတ်စိုက်ခင်းများကို စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရကာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မျိုးစေ့ထုတ်လယ်ယာမြေများ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပိုက်ဆံလျှော်(သစ်စိမ်း)သဘာဝမြေဩဇာ ဧက ၃၀ အား စိုက်ပျိုးဆောင်ရွက်ထားရှိကြောင်း အဆိုပါ စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ) တာဝန်ခံ ဦးအောင်ချစ်ထံမှ သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့ မျိုးသန့်ခြံက နှစ်စဉ် မိုးရာသီနှင့် ဆောင်းရာသီ သီးနှံစိုက်ပျိုးချိန်များမှာ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၅)မြို့နယ်မှာရှိတဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသည့် တောင်သူဦးကြီးများကို သီးနှံဝင်ငွေ တိုးပွားစေဖို့နဲ့ ပြည်သူများ စားနပ်ရိက္ခာဖူလုံစေဖို့အတွက် ရည်ရွယ်ပြီး စပါး၊ ကုလားပဲ၊ နေကြာ စသည့် မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်းများကို စိုက်ပျိုးပြီး ရရှိလာတဲ့ မျိုးသန့်မျိုးစေ့များကို ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲ့ဒီလို မျိုးစေ့ထုတ်စိုက်ခင်းများ အကောင်အထည်ဖော်စိုက်ပျိုးရာမှာ စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)ရှိ စိုက်ပျိုးလယ်ယာမြေ ဧက ၁၂၀ မှာ စနစ်တကျ စိုက်ပျိုးထုတ်လုပ်တာဖြစ်ပါတယ်။ မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်းများ ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ပြီး ယခုနှစ် ဆောင်းသီးနှံရာသီမှာ ပိုက်ဆံလျှော်(သစ်စိမ်း)သဘာဝမြေဩဇာ ဧက ၃၀ ကို စိုက်ပျိုးဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ပိုက်ဆံလျှော်(သစ်စိမ်း)သဘာဝ မြေဩဇာ စိုက်ပျိုးခြင်းရဲ့ အကျိုးကျေးဇူးဟာ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုတာကြောင့် ဒေသတွင်းရှိ တောင်သူတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးဆောင်ရွက်စေချင်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)တာဝန်ခံ ဦးအောင်ချစ်က ပြောပြသည်။

(၄၄၅)

၀-၀-၀-၀-၀

## မိတ္ထီလာမြို့၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်ရေး အသိပညာပေး ကမ်ပိန်းဆောင်ရွက်

**မိတ္ထီလာ ဇန်နဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်ရေး အသိပညာပေးကမ်ပိန်းကို ယနေ့ နံနက် ၈ နာရီက အ·ထ·က-၁ အနီး မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမဘေး၌ ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ အသိပညာပေး ဆောင်ရွက်ရာတွင် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမပေါ်တွင် ဖြတ်သန်းသွားလာကြသော ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်နှင့် ဝန်ထမ်းများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာနှင့် ဝန်ထမ်းများ၊ ခရိုင်ပညာရေးမှူး ဒေါ်မော်မော်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အ·ထ·က(၁)မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး တာဝန်ရှိသူများက ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် အမှိုက်များစနစ်တကျစွန့်ပစ်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ (ဝဲပုံ)(၄၅၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

※ ရှေ့ဖုံးမှ

ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသကွပ်ကဲရေးမှူးတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပေးအပ်သည့် 50 KW ဆိုလာအစုံ ၁၀၀ နှင့် ကယားပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအတွက် ငွေကျပ် ၁၅၁ သိန်းတန်ဖိုးရှိ အခြေခံစားသောက်ကုန်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက ပြန်ကြားရေးဝန်ကြီးဌာနမှ ပေးအပ်သည့် DTH စလောင်းအစုံ ၅၀ နှင့် Set Top Box အစုံ ၁၀၀ တို့ကို လည်းကောင်း ပေးအပ်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ကျင်းပသည့် ကယားရိုးရာစပါးထောင်း၊ ကယား၊ ကယန်းရိုးရာ နပန်းအပါအဝင် ရိုးရာအားကစားပွဲများနှင့် မူကြိုကလေးငယ်များ၏ ကာယစွမ်းရည်ပြိုင်ပွဲများတွင် ကလေးငယ်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တိုင်းရင်းသားလူငယ်များ ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဆုရရှိကြသူများအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယမန်နေ့ကလည်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် လွိုင်ကော်မြို့ လောဓမ္မရပ်ကွက်နှင့် ဒေါ်တမရပ်ကွက်ရှိ ဘူတာလမ်း ကတ္တရာကွန်ကရစ် လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဘူတာလမ်း ကတ္တရာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲမှခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍ လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကာ တက်ရောက်လာသော တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များ (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ခဲ့သည့် လွိုင်ကော်မြို့ လောဓမ္မရပ်ကွက်နှင့် ဒေါ်တမရပ်ကွက်ရှိ ဘူတာလမ်း ကတ္တရာကွန်ကရစ်လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစဉ်။**

ယင်းနောက် လွိုင်ကော်မြို့ တည်ဆောက်ဆဲ သီရိမင်္ဂလာဈေးသစ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အဆင့်မြင့်ဈေးသစ်တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ လွိုင်ကော်မြို့ ခုတင် (၅၀၀)ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆေးပဒေသာပင် ရန်ပုံငွေကျပ် ၅၅ သိန်း၊ တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ရာ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများက လက်ခံရယူကြသည်။

ထို့နောက် ဖျားနာဆောင်နှင့် သားဖွားမီးယပ်ဆောင်တွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးကာ လူနာများအတွက် အာဟာရဖြည့်စွက်စာနှင့် ချီးမြှင့်ငွေများ ပေးအပ်ပြီး ကျောက်ကပ်တု သန့်စင်ဌာန၊ ရောဂါရှာဖွေရေးဌာန၊ ကွန်ပျူတာဓာတ်မှန်ဌာနနှင့် ဆေးသိုလှောင်ရုံများသို့ လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ပေါ်ရှိ ရွှေတောင်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည့် ဆန်၊ ဆီ၊ ပဲ၊ ဆား စသော လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များက ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း လွိုင်ကော်မြို့ သီရိမင်္ဂလာဈေးသစ် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**

**လက်ခံရယူ**

ယင်းနောက် လွိုင်ကော်မြို့အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသော သာသနိက အဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ် ၂၃၉ ဒသမ ၀၆၀ သန်းနှင့် လွိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများအတွက် လှူဒါန်းငွေကျပ် သိန်း ၁၅၀ ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းနှင့် ဦးရွှေကြိမ်းတို့က ပေးအပ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ရွှေတောင်ပရိယတ္တိစာသင်တိုက်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ရေကြီးမြင့်တက်ခဲ့မှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ ကယားပြည်နယ်နေ့အထိမ်းအမှတ် ခင်းကျင်းပြသသည့် ဗဟိုပြခန်း၊ MSME ပြခန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ သစ်တောနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်းများ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုပြခန်းများနှင့် ကယားရိုးရာအစားအစာနှင့် အဝတ်အထည်အရောင်းဆိုင်ပြခန်းတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀-၀

## သားဖွားသင်တန်းကျောင်း(မန္တလေး)၊ ဘက်စုံသားဖွားဒီပလိုမာ၊ အမှတ်စဉ်(၉)သင်တန်းသူများအား ဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၅**

သားဖွားသင်တန်းကျောင်း (မန္တလေး)၊ ဘက်စုံသားဖွားဒီပလိုမာ၊ အမှတ်စဉ်(၉)သင်တန်းသူများအား ဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ သားဖွားသင်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်က အမှာစကားပြောကြားသည်။

ထို့နောက် သားဖွားသင်တန်းကျောင်း၏ စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့ဝင်များက စင်မြင့်ပေါ်တွင် နေရာယူကြပြီး နိုင်ငံတော်အလံကို အလေးပြုကြသည်။ ထို့နောက် ဘက်စုံသားဖွားဒီပလိုမာအောင်လက်မှတ်လက်ခံယူမည့်သူများက သူနာပြုသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကတိပြုကြသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီး ဒေါ်ခင်ချိုမြင့်က ဘက်စုံသားဖွားဒီပလိုမာရရှိကြသူများအား အောင်လက်မှတ်များအပ်နှင်းပြီး သင်တန်းဆင်းမိန့်ခွန်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးမှူး၊ သားဖွားသင်တန်းကျောင်း(မန္တလေး)၏ စီမံခန့်ခွဲရေးအဖွဲ့နှင့်ပညာရေးအဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးနှင့် သင်ကြား၊ စီမံဆရာမများ၊ သင်တန်းသူ ၃၃ ဦးနှင့်၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြကြောင်း သိရသည်။



(အပေါ်ပုံ)

(၀၉၃)

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ
( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၂ / ၂၀၂၅ )
၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ခ)၊ (ဏ) နှင့် (ဓ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) **မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ ငါးလုပ်ငန်းနှင့် ရေထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်ခြင်းမှအပ နည်းစနစ်တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ စုဆောင်းခြင်းဖြင့် ဖြစ်စေ တိရစ္ဆာန်များအား မွေးမြူခြင်းလုပ်ငန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၊ တိရစ္ဆာန်များအား မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် တစ်နိုင်တစ်ပိုင်မွေးမြူရေး လုပ်ငန်းနှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလည်း ပါဝင်သည်။

(ဏ) **သားသတ်ခြင်းလုပ်ငန်း** ဆိုသည်မှာ စီးပွားဖြစ် ထုတ်လုပ်ရောင်းချရန် တိရစ္ဆာန်ကို သတ်ဖြတ်သည့်လုပ်ငန်းဖြစ်စေ၊ ယင်းလုပ်ငန်းမှရရှိသည့် တိရစ္ဆာန်ထွက်ပစ္စည်းများ သိုလှောင်သည့် လုပ်ငန်းကိုဖြစ်စေ ဆိုသည်။

(ဓ) **ထောက်ခံချက်လက်မှတ်** ဆိုသည်မှာ ပြည်ပသို့တင်ပို့မည့်၊ ပြည်ပမှတင်သွင်းမည့်၊ ပြည်တွင်း၌ ထုတ်လုပ်သည့် သို့မဟုတ် ပြုပြင်ထုတ်လုပ်သည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသောဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ အရည်အသွေးပြည့်မီခြင်း၊ တိရစ္ဆာန် ကျန်းမာရေးကောင်းမွန်ခြင်း၊ ကူးစက်ရောဂါကင်းရှင်းခြင်း စသည်တို့ ရှိ မရှိ တို့ကို စစ်ဆေးပြီး ဦးစီးဌာနကထုတ်ပေးသော လက်မှတ်ကို ဆိုသည်။"

၃။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(န)တွင် ပါရှိသော "သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်း" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ (င)ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(င) လိုအပ်သည့် နေရာဒေသများတွင် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန် တည်ထောင်ခြင်းနှင့် ဇီဝလုံခြုံမှုဆိုင်ရာ အစီအမံများချမှတ်ဆောင်ရွက်ခြင်း၊"

၅။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ (ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) သားသတ်ရုံလုပ်ငန်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးခြင်း၊ သားသတ်ရုံနှင့် သားသတ်ခြင်းလုပ်ငန်းကို စစ်ဆေးကြီးကြပ်ခြင်း၊"

၆။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၁၁ တွင်-

(က) ပုဒ်မခွဲ (တ) ၏ နောက်တွင် ပုဒ်မခွဲ(ထ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ထ) ဤဥပဒေအရ ထောက်ခံချက်လက်မှတ်၊ ခွင့်ပြုလက်မှတ်၊ အသိအမှတ်ပြုလက်မှတ်၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်သက်တမ်းတိုးခြင်းတို့အတွက် ဝန်ဆောင်ခ၊ မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေးနှင့် အခြားအခကြေးငွေများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊"

(ခ) မူလဥပဒေပုဒ်မခွဲ (ထ) ကို ပုဒ်မခွဲ (ဒ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၇။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၁) တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ မွေးမြူရေးခြံလုပ်ငန်း၊ မျိုးခြံလုပ်ငန်း၊ ဥဖောက်စက်လုပ်ငန်း၊ လုပ်ငန်းသုံးအဆောက်အအုံနှင့်ပစ္စည်းများ၊"

၈။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂၂ တွင် ပါရှိသော "နစ်နာကြေး၊ လျော်ကြေး သို့မဟုတ် အကူအညီရရှိရန်" ဆိုသည့် စကားရပ်ကို "အာမခံကြေး၊ နစ်နာကြေး၊ လျော်ကြေး သို့မဟုတ် အကူအညီရရှိရန်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အခန်း(၉)၏ နောက်တွင် အခန်း(၉-က)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"အခန်း(၉ - က)**

**တိရစ္ဆာန်များအား စုဆောင်းမွေးမြူခြင်းလုပ်ငန်း သို့မဟုတ်**

**တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း**

၂၂-က။ တိရစ္ဆာန်စုဆောင်းမွေးမြူခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၂-ခ။ ပုဒ်မ ၂၂-ကပါ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၇ ပုဒ်မခွဲ (ဃ)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း ဆောင်ရွက်ရမည်။

၂၂-ဂ။ ပုဒ်မ ၂၂-ခ အရ ခွင့်ပြုလက်မှတ်ရရှိသူသည်-

(က) ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။"

၁၀။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂၃ တွင် ပါရှိသော "သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကိုဖြစ်စေ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၁။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၉။ ဦးစီးဌာနသည် ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်းပြုမည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများကို စစ်ဆေးနိုင်ရန် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းများကို စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။"

၁၂။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အခန်း(၁၁)၏ နောက်တွင် အခန်း(၁၁-က)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"အခန်း(၁၁ - က)**

**မှတ်ပုံတင်ခြင်း**

၃၁-က။ တိရစ္ဆာန်၊ မွေးမြူရေးခြံလုပ်ငန်း၊ မျိုးခြံလုပ်ငန်း၊ ဥဖောက်စက်လုပ်ငန်း၊ ပျားမွေးမြူရေး လုပ်ငန်းများ သို့မဟုတ် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါး၊ တိရစ္ဆာန်သုံးပစ္စည်းများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်း၊ သားသတ်ရုံလုပ်ငန်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် သက်ဆိုင်ရာပစ္စည်း အမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားအလိုက် မှတ်ပုံတင်ခွင့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၃၁-ခ။ (က) ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးသည်-

(၁) ပုဒ်မ ၃၁-က အရ လျှောက်ထားချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်း အမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန်ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များ နှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစား ဖြစ်လျှင် ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

(ခ) ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးသည်-

(၁) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၃)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များ နှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့်လုပ်ငန်းအမျိုးအစား ဖြစ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စု နယ်မြေဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

(ဂ) ဦးစီးဌာန၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးသည်-

(၁) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်း အမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက် များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစား ဖြစ်လျှင် ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်တင်ပြရမည်။ **စာမျက်နှာ ၅ သို့**

စာမျက်နှာ ၄ မှ

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် -

(၁) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၃)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

၃၁-ဂ။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကိုလိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) မိမိလုပ်ငန်းတွင် ကူးစက်ရောဂါဖြစ်ပွားကြောင်း သံသယဖြစ်ဖွယ် တွေ့ရှိရပါက ဦးစီးဌာနသို့ အမြန်ဆုံး အသိပေးအကြောင်းကြားရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အသိပေးအကြောင်းကြားပြီးနောက် ဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရမည်။"

၁၃။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၃၇ ခေါင်းစဉ်၊ ပုဒ်မ ၃၇ ပုဒ်မခွဲ(ဂ) နှင့် (ဃ)၊ ပုဒ်မ ၄၂၊ ၄၃ နှင့် ၄၈ တို့၏ ခေါင်းစဉ်တွင် ပါရှိသော "ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်" ဆိုသည့် စကားရပ်ကို "ခွင့်ပြုလက်မှတ်၊ ထောက်ခံချက်လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၄။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၄၂ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၄၄နှင့်၄၉တို့တွင်ပါရှိသော "သားသတ်ရုံတည်ထောင်ခြင်း"နှင့် "သားသတ်ရုံတည်ထောင်ခြင်းလုပ်ငန်း"ဆိုသည့် စကားရပ်တို့ကို "သားသတ်ရုံလုပ်ငန်း"ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၅။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅၃ ၏ နောက်တွင် ပုဒ်မ ၅၃ - က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၅၃-က။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ ဝန်ဆောင်ခနှင့်အခြားအခကြေးငွေ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။"

၁၆။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅၅ ၏ နောက်တွင် ပုဒ်မ ၅၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၅၅-က။ ဤဥပဒေဖြင့် ရုပ်သိမ်းသော တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဟုမ္မလင်းတပ်နယ်နှင့် လဟယ်မြို့ရှိ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၁၅

ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့ တပ်နယ်ခန်းမ၌ ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကားပြောကြားသည်။

## တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တစ်ဦးချင်း စွမ်းရည်မြှင့်တင်ရေး၊ တပ်ဖွဲ့လိုက်စွမ်းရည်မြှင့်ရေးတို့အတွက် အမြဲလေ့ကျင့်နေရန်၊ တပ်တိုင်း၊ ရဲဘော်တိုင်းရှိရမည့် အခြေခံ အရည်အချင်းငါးပါးကို သိရှိနားလည်ပြီး ကျင့်ကြံလိုက်နာဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တပ်နယ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသနေသည့် စစ်သည်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး စကားပြောကြားကာ အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့်အတူ လဟယ်မြို့ နယ်မြေခံတပ်ရင်းသို့ သွားရောက်ပြီး တပ်ရင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး ဘော်လီဘော ဆပ်ကော်မတီ ဥက္ကဋ္ဌဖလား ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ ကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

မန္တလေး ဇန်နဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ဗထူးအားကစားခန်းမအနီးရှိ တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီရုံးခန်းမတွင် ကျင်းပသည်။ ဦးစွာ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့် မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီ ဥက္ကဋ္ဌတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်း(မြန်မာ့လက်ရွေးစင်ဟောင်း)နှင့် အတွင်းရေးမှူး ဦးမြင့်ဆွေတို့မှ မန်းအောင်ဆွေလင်း ဘော်လီဘောကလပ် တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာများ၊ တိုင်းအောင်နိုင်ရေးအတွက် တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီ ဥက္ကဋ္ဌဖလား ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲကျင်းပရေး၊ တိုင်းဂုဏ်ဆောင်ဘော်လီဘောအားကစားသမားများ ဆက်လက်ပေါ်ထွန်းနိုင်ရေး၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်း ဆပ်ကော်မတီများဖွဲ့စည်းဆောင်ရွက်ရေးနှင့် ရန်ပုံငွေရရှိရေး စသည့်လိုအပ်ချက်များကို ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီအမှုဆောင်အဖွဲ့ဝင်တို့ကလည်း ဗထူးအားကစားခန်းမနှင့် ရွှေမန်းတောင်အားကစားခန်းမတို့တွင် ကျင်းပမည့် တိုင်းဒေသကြီး ဘောလီဘော ဆပ်ကော်မတီဥက္ကဋ္ဌဖလား ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မန်းအောင်ဆွေလင်း ဘော်လီဘောကလပ်တည်ဆောက်ရေး ဆောင်ရွက်ရန် လုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခဲ့ကြသည်။ ထို့နောက် တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာနမှူး တိုင်းဒေသကြီးညွှန်ကြားရေးမှူးနှင့် ဥက္ကဋ္ဌတို့က လုပ်ငန်းလိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(ဝ၄ဝ)

ဝ-ဝ-ဝ-ဝ-ဝ



# မြို့တော်ဝန်ဖလား သစ်သီးဝလံ ပန်းမန်ပြိုင်ပွဲမှာ ဆုံတွေ့ကြပါစို့

အေးချမ်းသာယာလှတဲ့ မန္တလေးရွှေမြို့တော်ကြီးမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကျင်းပမည့်(၂၁)ကြိမ်မြောက် မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကြီးကို မကြာမီ ကျင်းပတော့မည် ဖြစ်ပါတယ်။

ဒီပြိုင်ပွဲကြီးကို ဖေဖော်ဝါရီ ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး မန္တလေးမြို့ စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ပြည်သူလူထု စိတ်ပါဝင်စားလာစေရန်နှင့် ပါဝင်ပူးပေါင်း ဆောင်ရွက်လာစေရန်၊ အိမ်တိုင်းအိမ်တိုင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ခြင်းဖြင့် မန္တလေးမြို့အား ဥယျာဉ်မြို့တော်အဖြစ် တည်ဆောက်ထိန်းသိမ်းရာ၌ အထောက်အကူဖြစ်လာစေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် မျိုးကောင်းများကို အိမ်တိုင်းအိမ်တိုင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းမှ စီးပွားဖြစ်စိုက်ပျိုးခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်စသည့် ရည်ရွယ်ချက် ၅ချက်ဖြင့် ကျင်းပသွားမှာ ဖြစ်ပါတယ်။

ပြပွဲ၊ ပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးပြီး ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲများကို ၂၀၀၃ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ ဆင်ဖြူကန်ကွင်း၊ ၂၀၀၅ခုနှစ်မှ ၂၀၁၈ခုနှစ်အထိ ကန်တော်ကြီးလူထုအပန်းဖြေဥယျာဉ်မှာ ကျင်းပခဲ့ပြီး ၂၀၂၃ခုနှစ်မှာ ပြည်ထောင်စုနေ့အခမ်းအနားနှင့်အတူ မန္တလာသီရိအားကစားကွင်းမှာ ကျင်းပခဲ့ပြီး ယခင်နှစ် ၂၀၂၄ခုနှစ် အကြိမ်(၂၀)မြောက်ကို ကျုံးနှင့် မြို့ရိုးအကြား ရတနာပုံဥယျာဉ်အတွင်း အနောက်မြောက်ထောင့် ၁၂လမ်းနှင့် လမ်း ၈၀ ထောင့်မှာ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါတယ်။ ယခုနှစ် (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲကို လွန်ခဲ့သော ၂၂နှစ်က မူလကျင်းပခဲ့သည့် ဆင်ဖြူကန်ကွင်းတွင် ပြန်လည်ကျင်းပတော့မှာဖြစ်ပါတယ်။

လူသားတို့ အသက်ရှင်သမျှကာလပတ်လုံး ထိတွေ့နေကြရမယ့် အစားအစာ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းချစ်သူများအတွက် စိတ်ပျော်ရွှင်လန်းဆန်း ခွန်အားတိုးစေမယ့် ပန်းမန်တွေကို ပြပွဲရော ပြိုင်ပွဲပါ ကျင်းပပြုလုပ်မယ့်အပြင် ပညာပေးပြခန်းများ ခင်းကျင်းပြသထားခြင်း၊ အပင်သုံးဆေးဝါးများနှင့် ပန်းပင်အရောင်းဆိုင်များ စုံလင်စွာ ပါဝင်ပြသခင်းကျင်းသွားမည် ဖြစ်တာကြောင့် အများပြည်သူ လာရောက်ကြည့်ရှုနိုင်ရန် ယခုကတည်းက မြေယာရှုခင်းအလိုက် အလှများကို ပြင်ဆင်အလှဖော်ဖန်တီးခြင်းများကို ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနက ဆောင်ရွက်လျက်ရှိသည်။



နှစ်စဉ်ပြိုင်ပွဲဝင်များ စိတ်ဝင်တစား ပါဝင်ယှဉ်ပြိုင်ကြသလို ယခုနှစ်တွေလည်း မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲတွင် ပန်းအလှဆင်ခြင်းပြိုင်ပွဲ၊ ပန်းအလှပင်ပြိုင်ပွဲ၊ ရာသီပန်းအလှပင်ပြိုင်ပွဲ၊ အရွက်အလှပင်ပြိုင်ပွဲ၊ ရွက်လှပင်ပြိုင်ပွဲ၊ ပြည်တွင်းသစ်ခွပြိုင်ပွဲ၊ ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယား)ပြိုင်ပွဲ၊ ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ၊ ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)၊ နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ၊ ရှားစောင်းပင်ပြိုင်ပွဲ၊ သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ၊ အသီးပါသည့် အလှပင်ပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ(ဥပမာ-မုန်ညင်းရွက်)၊ ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ(ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)၊ ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ(ဥပမာ-ခရမ်း၊ ငရုတ်)၊ ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ(ဥပမာ-မုန်လာဥ)၊ သစ်သီးပြိုင်ပွဲ(ဥပမာ-သဘော်သီး၊ ဖရဲသီး၊ သခွားသီး)၊ ဟင်းသီး အသီးအလုံးလိုက်ပြိုင်ပွဲ(ဥပမာ-ဘူးသီး၊ ဖရုံသီး)၊ သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ(ဥပမာ-



ငှက်ပျောခိုင်၊ အုန်းသီးခိုင်)၊ သစ်သီးဝလံ ဥပြိုင်ပွဲ(ဥပမာ- ကန်စွန်းဥ၊ စိမ်းစားဥ၊ မျောက်ဥ၊ ဝဥ)၊ ဟင်းသီးအသီးအနှံ အတွဲလိုက်ပြိုင်ပွဲ(ဥပမာ-ခရမ်းချဉ်သီး)၊ သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲစသည့် ပြိုင်ပွဲအမျိုးအစား အားလုံးအတွက် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆု သုံးဆုချီးမြှင့်သွားမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များကို ဆင်ဖြူကန်ကွင်းသို့ ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပေးပို့ ယှဉ်ပြိုင်ရမည်ဖြစ်ရာ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးနိုးဆော် လိုက်ပါတယ်။

ယခင်နှစ်က ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ ပြိုင်ပွဲဝင်အဟောင်းများနှင့် ယခုနှစ် ပါဝင်ယှဉ်ပြိုင်လိုသည့် ဝါသနာရှင်၊ ပညာရှင်များကို ပြည်ထောင်စုနေ့အထိမ်းအမှတ် ကျင်းပမည့်(၂၁)ကြိမ်မြောက် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲကြီးတွင် ဆုများကို ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်မှာဖြစ်သလို စိုက်ပျိုးသူများအချင်းချင်း အသိပညာဖလှယ်နိုင်သည့် ပွဲတော်ကြီးလည်း ဖြစ်တာကြောင့် အတူတကွ ပျော်ရွှင်စွာ ပါဝင်ဆင်နွဲနိုင်ရန် ဖိတ်ခေါ်လိုက်ရပါတယ်။

ပြိုင်ပွဲဝင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်များ၊ သစ်ပင်၊ ပန်းပင်များကို ပြပွဲ၊ ပြိုင်ပွဲ ကျင်းပရေး ကော်မတီအဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးရာမှာ သစ်သီးပြိုင်ပွဲတွင် အသီးကြီးထွားခြင်း၊ အရည်အသွေးကောင်းမွန်ခြင်း၊ ပိုးမွှားအနာကင်းစင်ခြင်းတို့ဖြင့် အမှတ်ပေးသည်။ ဟင်းသီးဟင်းရွက်ပြိုင်ပွဲတွင် အရွက်၊ အထုပ်၊ ဥကြီးထွားခြင်း၊ အရည်အသွေးကောင်းမွန်ခြင်း၊ အရွယ်အစားညီမျှခြင်းအပေါ် အကဲဖြတ်ပြီး ပန်းအလှဆင်ပြိုင်ပွဲတွင် ပုံသဏ္ဍာန်လှပခြင်း၊ အချိုးအစားပြေပြစ်ခြင်း၊ စွဲဆောင်မှုဗဟိုပြုချက်ကောင်းခြင်း၊ အရောင်အဆင်း အရည်အသွေးပြည့်စုံခြင်း၊ ဖန်တီးမှုစွမ်းအားကောင်းခြင်းတို့အပေါ် မူတည်အကဲဖြတ်သည်။

အလားတူအသီးပြိုင်ပွဲများတွင်လည်း အရွယ်အစား၊ အသီးပုံသဏ္ဍာန်၊ အရောင်အဆင်းလှပခြင်း၊ အသီးအခိုင်အချိုးအစားပြေပြစ်ခြင်း၊ အသီးအရေအတွက်များပြားခြင်း၊ အပင်အခြေအနေသန်စွမ်းခြင်းတို့အပေါ် အကဲဖြတ်ကြောင်းကြိုတင် အသိပေး နိုးဆော်လိုက်ပါတယ်။

ပြပွဲ၊ ပြိုင်ပွဲများနှင့်အတူ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာန၊ ပြခန်းများ စိုက်ပျိုးရေးဦးစီးဌာန၏ ပြခန်းများ၊ ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းမြစ်အသုံးချရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကုန်သွယ်ရေးမြှင့်တင်မှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှလည်း အသိပညာပေးပြခန်း ၁၄ ခန်း ပါဝင်ပြသသွားမည်။

(၂၁)ကြိမ်မြောက် မန္တလေးမြို့တော်ဝန် ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲများနှင့် ဌာနဆိုင်ရာ အသိပညာပေးပြခန်းများနှင့်အတူ အသေးစား၊ အလတ်စား ထုတ်ကုန်ပစ္စည်းများ၊ ပြခန်း ၁၂ ခန်း၊ ပျိုးပင်အရောင်းဆိုင်များ၊ မုန့်ဈေးတန်း ၂၄ ခန်း အပါအဝင် ပျိုးပင်များ အခမဲ့ပေးဝေသွားမှာ ဖြစ်ပါတယ်။ ပြပွဲနှင့်အတူ ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်သွားမှာ ဖြစ်ပါတယ်။

သစ်သီးဝလံ ဟင်းသီးဟင်းရွက် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲကြီးကို ၇၈လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအတွင်းမှာ မြေယာရှုခင်းအလှအပများကို ပန်းဝိုင်းကြီးသုံးခုဖြင့် အဓိကပုံဖော်ထားပြီး အသည်းပုံရေကန်များ၊ အလှပန်းဒန်းများ၊ ပန်းနံရံများ၊ ပန်းလှေများကို လှပစွာပုံဖော်ပြင်ဆင်နေသလို ကြက်တူရွေး၊ ယုန်၊ သစ်ကုလားအုတ်၊ ဝက်ဝံစသည့် ရုပ်လုံးကြွအရုပ်ကြီးများကလည်း ပြပွဲလာကလေးများအတွက် စိတ်ဝင်စားဖွယ် ဖြစ်လို့နေပြီး အေးချမ်းလှသည့် မန္တလေးဆောင်းရာသီနှင့်အတူ ရောင်စုံပန်းခင်းကြီးများ၏ အလှအပများကို လာရောက်အပန်းဖြေခံစားရင်း ပြိုင်ပွဲဝင်များကို ဆုံတွေ့ကြပါစို့လို့ ဖိတ်ခေါ်လိုက်ရပါတယ်။

ရွှေမန်း





# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## Wang Yibo က Defenders of the Hidden Documentary နှင့် ဆုထပ်မံသိမ်းပိုက်




တရုတ်အနုပညာရှင် ဝမ်ရိပို သည် War of Faith ဇာတ်လမ်းတွဲနှင့်သာမက Defenders of Hidden မှတ်တမ်းရုပ်ရှင်နှင့် ၂၀၂၄ ခုနှစ်အတွက် ပေကျင်း ရုပ်သံအနုပညာဆုကို ထပ်မံသိမ်းပိုက်ရရှိခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝမ်ရိပိုက အကောင်းဆုံး ဒရမ်မာ War of Faith၊ အကောင်းဆုံးမှတ်တမ်းရုပ်ရှင် Defenders of Hidden တို့က ဆုများ ထပ်မံသိမ်းပိုက်ခဲ့ကာ ဝမ်ရိပိုက "၂၀၂၄ ခုနှစ်တွင် ကျွန်တော်သည် မမေ့နိုင်သော သုတေသနခရီးကို သွားခဲ့သည်" ဟု ရေးသားထားပြီး ရှောင်းကျန့်စတူဒီယိုက "အတူတကွ စူးစမ်းလေ့လာသူများ ဖြစ်လာကြပြီး ကမ္ဘာပေါ်ရှိ အရာအားလုံးကို သိခွင့်ရသည့် အချိန်တိုင်းကို တန်ဖိုးထားကြပါစို့" ဟူ၍ ဂုဏ်ပြုပေးထားသည်။

ပေကျင်းရုပ်ရှင်အကယ်ဒမီမှလည်း အကောင်းဆုံးမင်းသားဆုရရှိထားသည်။ ပရိသတ်များကလည်း ဝမ်ရိပို၏ မှတ်တမ်းရုပ်ရှင်သာမက သူသွားခဲ့သော ခရီးစဉ်အတိုင်း သွားရောက်၍ မှတ်တမ်းဓာတ်ပုံများပါ ရိုက်ကူးထားကြသည်။

(SKY)

0-0-0-0-0-0-0

0-0-0-0



## အရွယ်ရောက်ပြီးသူများ မှတ်ဉာဏ်မထိခိုက်စေလိုလျှင် စတော်ဘယ်ရီသီး ပုံမှန်စားသုံးသင့်သည်ဟု ဆို

တစ်ကိုယ်ရည်ကျန်းမာရေးကို ထိန်းသိမ်းထားနိုင်သူများ အနေဖြင့် ဦးနှောက်အတွင်း သွေးလှည့်ပတ်စီးဆင်းမှု ပုံမှန်ဖြစ်ရာမှ မှတ်ဉာဏ်အခြေအနေကောင်းမွန်လေ့ရှိကြသည်။

အထူးသဖြင့်အသက်အရွယ်ငယ်စဉ် မှတ်ဉာဏ်ကောင်းနေလေ့ရှိပြီး အသက်အရွယ်ကြီးလာသည်နှင့်အမျှ မှတ်ဉာဏ်စွမ်းရည် တဖြည်းဖြည်းကျဆင်းလာတတ်စမြဲပင် ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု စင်စင်နာတီတက္ကသိုလ် စိတ်ကုပညာနှင့် အပြုအမူဆိုင်ရာအာရုံကြောသိပ္ပံပညာဌာနမှ ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာ ရောဘတ် ကရီကော်ရီယန် ဦးဆောင်သော သုတေသီများသည် မှတ်ဉာဏ်အတွက် ဓာတ်စာအမျိုးမျိုးအကြောင်း စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ အရွယ်ရောက်ပြီးသူများ မှတ်ဉာဏ်မထိခိုက်စေလိုလျှင် စတော်ဘယ်ရီသီးပုံမှန် စားသုံးသင့်သည်ဟု ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

SCI

## Gong Li ၏ Memoirs of a Geisha

### အော်စကာဆု သုံးဆုအပြစ် ဆုပေါင်းများစွာ ရရှိထား

အော်စကာသုံးဆုအပြင် ဆုပေါင်းများစွာ ဆွတ်ခူးရရှိထားသည့် အကောင်းဆုံးရုပ်ရှင် Memoirs of a Geisha မှာ အထက်တန်းစား ပြည့်တန်ဆာမဟုတ်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်တွင် ဂျပန်ဂေရှားမယ်များ၏ ဘဝကို ခံစားတွေ့မြင်နိုင်ပြီး ဒုတိယကမ္ဘာစစ်မီးတောက်လောင်စပြုချိန် ဂျပန်ပြည်ကြီးထဲမှ ပြည်သူများဘဝကို ကွက်ကွက်ကွင်းကွင်းတင်ပြထားရာ ဂေရှားအလှမယ်ဆိုသည်မှာ ပြည့်တန်ဆာမဟုတ်ကြောင်း ပြသထားသည်။




လူကုံထံများကို ဧည့်ခံရန် ဂေရှားမယ်များ အလုပ်ဖြစ်ပြီး အကောင်းစားဝတ်စုံများနှင့် ကြေးအမြင့်ဆုံးရသည့် ဂေရှားမယ်ကို ဂုဏ်သိက္ခာအရှိဆုံးဟု မှတ်ယူခဲ့ကြပြီး ယနေ့ထိ ဆွဲဆောင်အားကောင်းခဲ့ရာ ဂေါင်လီ၊ ကျန်ဇီယီ၊ မီရှဲယို တို့ ပါဝင်ထားကြသည်။

(SKY)




## Lee Min Ho ကို သူဌေးသားဟု ထင်ခဲ့ကြသူများ အမေချစ်သားဖြစ်နေမှန်း သိရ

ထိပ်တန်းမင်းသားချော လီမင်ဟိုသည် အနေအထိုင်အဆင့်အတန်းမြင့်မား၍ သူဌေးသားတစ်ဦးဟု ထင်ခဲ့ကြသူများက သူပါဝင်ထားသည့် You Quist ရသစုံရှိုးမှ ပြောကြားချက်အရ အမေချစ်သားဖြစ်နေမှန်း သိခဲ့ကြရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရသစုံရှိုးကို လီမင်ဟိုက စတင်ပါဝင်ခဲ့ပြီး ယူဂျယ်ဆွတ်နှင့် ဂျိုဆယ်ဟိုတို့မေးသမျှကို ရိုးရှင်းပွင့်လင်းစွာ ဖြေကြားခဲ့ရာ အနုပညာလောကသို့မဖြစ်မနေ ဝင်ရောက်ခဲ့ရခြင်းမှာမိခင်၏ အထီးကျန်မှုနှင့် အသိပေးစာများကြောင့်ဖြစ်ကြောင်း၊ လူ ၃၀၀ ရွေးချယ်ရာတွင် သူဌေးသားဇာတ်ရုပ်အတွက် ဆံပင်ကောက်၍ ဝင်ပြိုင်ခဲ့ကြောင်း ၊ ဇာတ်ကားအတွက် အရွေးခံရပြီးအောင်မြင်ခဲ့၍ အဆင်ပြေသွားကြောင်းများ ပြောကြားခဲ့သည်။

လီမင်ဟို ရသစုံရှိုးများတွင် ပါဝင်မှုမရှိခြင်းနှင့်ပတ်သက်၍ ခက်ခဲပင်ပန်းမှု မခံနိုင်သောကြောင့်ဟု ရိုးရှင်းစွာ ဖြေကြားသွားခဲ့သည်။

(SKY)



## J Hope ၏ AP နာရီမှာ Hyundai ကားထက် ဈေးကြီး

ဂျေဟုတ်သည် နာရီစုဆောင်းသူတစ်ဦးဖြစ်ပြီး သူဝတ်ဆင်ထားသည့် AP နာရီမှာ ဘီတီအက်စ်အဖွဲ့မှ ကြော်ငြာသည့် Hyundai ကားထက်ဈေးကြီးနေကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျေဟုတ်ကို Louis Vuitton မှလည်း ၂၀၂၅ ခုနှစ်တွင် ထွက်ရှိမည့် ကုန်ပစ္စည်းသစ် နာရီကို လက်ဆောင်ပေးခဲ့ပြီး သူဝတ်ဆင်ခဲ့သည့် Audemars Piguet Limited Edition Royal OAK Concept Tourbillon Companion နာရီမှာ KAWS နှင့် ပူးပေါင်းထုတ်လုပ်ထားကာ ကာလတန်ဖိုး အမေရိကန်ဒေါ်လာ လေးသိန်းသုံးသောင်းရှိပြီး AP နာရီမှာ Hyundai ကားထက် ဈေးကြီးနေသည်။

ကိုရီးယား ဒီဇိုင်နာ လီဂူဟန် ထုတ်လုပ်သည့် မီးအိမ်တံခါးမှာ ကိုရီးယားရိုးရာ လက်မှုပုံစံကန့်သတ်ထုတ်ပစ္စည်းဖြစ်ကာ ကိုရီးယားဖက်ရှင်အမှတ်တံဆိပ် Ader Error သစ်ပင်နှင့် ထူးခြားသောပုံစံနှင့် မမျှော်လင့်ထားသော အရာများကို ဂျေဟုတ်က အားပေးထားကာ ရိုးရှင်းမှုကို အောင်မြင်ပွင့်လင်းစွာ ပြသထားသည်။

(SKY)

0-0-0-0-0-0-0

## Zhao Lusi အရေးပေါ် ဆေးရုံတက်ရောက်ခဲ့ရ

တရုတ်ထိပ်တန်းအနုပညာရှင်တစ်ဦးဖြစ်သည့် ကျန်လူဆီသည် အရေးပေါ်ဆေးရုံတက်ရောက်ကုသမှုခံယူခဲ့ရ၍ ပရိသတ်များ စိတ်ပူနေကြကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကျန်လူဆီ၏ တရုတ်လူမှုကွန်ရက်ပေါ်မှ အကောင့်များ ပိတ်ချလိုက်၍ တရုတ်အနုပညာလောကတွင် အန္တရာယ်နှင့်ကြုံတွေ့နေသည်ဟု ထင်ခဲ့ကြရာမှ မူးလဲကျသွား၍ အရေးပေါ်ဆေးရုံတက်ရပြီး အောက်စီဂျင်ပေးရသည်အထိဖြစ်ခဲ့ကြောင်းသိရသည်။

ကျန်လူဆီသည် နေမကောင်းဖြစ်နေသည်မှာ ကြာပြီဖြစ်သော်လည်း ရိုက်ကူးရေးများကြောင့် အနားမယူခဲ့ရာမှ ဇာတ်ကားရိုက်ကူးမှု အားတင်းရင်းအခြေအနေဆိုး၍ ဆေးရုံရောက်ရှိခဲ့ခြင်း ဖြစ်သည်။

ပရိသတ်များက နှင်းဆီပန်းလေး ရှိုစ်ကျန်(ခေါ်)ကျန်လူဆီကို နှင်းရိုက်၍ ပွင့်ဖတ်များ နွမ်းကြေခဲ့ရ၍ ရင်နာမဆုံးဖြစ်နေကြသည်။

(SKY)



## Macaulay Culkin က Home Alone

### ရိုက်ကူးရေးအိမ်ကို ကစားကွင်းလုပ်ရန် မအောင်မြင်ခဲ့

ပရိသတ်အားပေးမှု ရရှိထားသည့် မက်ကောလေးချူကင်၏ Home Alone ဇာတ်ကားမှ ရိုက်ကူးရေးအိမ်ကို ကစားကွင်းအဖြစ်ပြောင်းရန် မက်ကောလေးချူကင်က ကြိုးစားခဲ့သော်လည်းမအောင်မြင်ခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရိုက်ကွင်းအိမ် အမေရိကန်၊ အီလီနွိုက်စ်ပြည်နယ်မှ 671 Limcoin Ave , Ainnetka , 1160093 တွင် ရှိသည့် အိမ်ကြီးအဖြစ် ၂၀၂၄ ခုနှစ် မေလက ရောင်းချရန် ကြေညာခဲ့ရာ မက်ကောလေးချူကင်က ဝယ်ယူရန် စီစဉ်၍ ကစားကွင်းအဖြစ်ပြောင်းရန် ကြိုးစားခဲ့သည်။

မက်ကောလေးချူကင်၏ အစီအစဉ်မှာ မိသားစုကိစ္စနှင့် အချိန်ပေး အကောင်အထည်ဖော်နိုင်ခြင်းမရှိဘဲ လက်ရှိ Home Alone ရိုက်ကူးရေးအိမ်ကို အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၅ သန်းနှင့် ရောင်းချခဲ့ပြီး ဖြစ်သည်။




(SKY)

0-0-0-0-0-0-0

## စာသင်ကျောင်းတွင် ကလေးများ စမတ်ဖုန်းမသုံးရဥပဒေ ဘရာဇီးသမ္မတ လူလာ လက်မှတ်ရေးထိုးပြဋ္ဌာန်း

**ဘရာဇီးလီးယား ဇန်နဝါရီ ၁၅**



စာသင်ကျောင်းတွင် ကလေးသူငယ်များ စမတ်ဖုန်းမသုံးရ ဥပဒေကို ဘရာဇီးနိုင်ငံ၌ ဇန်နဝါရီ ၁၄ ရက်က သမ္မတ လူလာ လက်မှတ်ရေးထိုးအတည်ပြု ပြဋ္ဌာန်းပေးလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အရွယ်မရောက်သေးသော စာသင်သားကလေးသူငယ်များ စမတ်ဖုန်းသုံးလျှင် စာထဲတွင် စိတ်ဝင်စားမှုလျော့နည်းသည့် အပြင် ပြောဆိုဆုံးမရန်ခက်ခဲသော အပြုအမူများကိုလည်း ပြသလာကြသဖြင့် အခြားနိုင်ငံများနည်းတူ ဥပဒေပြဋ္ဌာန်းကာ ပိတ်ပင်ကန့်သတ်ရခြင်းဖြစ်သည်ဟု ဘရာဇီး ပညာရေးဝန်ကြီး ကာမီလိုဆန်တားနားက ရှင်းလင်းပြောကြားသည်။

ဘရာဇီးနိုင်ငံမှ ကလေးမိဘများထဲမှ သုံးပုံနှစ်ပုံခန့်က စာသင်ကျောင်းတွင် ကလေးများ စမတ်ဖုန်းသုံးခွင့်မပြုသင့်ဟု ထောက်ခံခဲ့သဖြင့် အစိုးရက ဥပဒေရေးဆွဲပြီး ပြဋ္ဌာန်းလိုက်ခြင်းဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

ကျောင်းတွင် အရေးပေါ်အခြေအနေကြုံတွေ့လာသည့် အခါမျိုး၌လည်းကောင်း၊ ဆရာ၊ ဆရာမက စာသင်ယူလေ့လာမှုအတွက် ခွင့်ပြုရာ၌လည်းကောင်း စမတ်ဖုန်းကို ကလေးများ သုံးခွင့်ရမည်ဟုဆိုသည်။

အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ် ၈ ခုတွင် အလားတူ ဥပဒေမျိုး ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



ဂျပန်နိုင်ငံခြားရေးဝန်ကြီး တကေးရှိအိဝယနှင့် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အန်းရစ်မာနာလိုတို့နှစ်ဦး မနီလာမြို့တော်၌ ဇန်နဝါရီ ၁၅ ရက်က ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်နေကြစဉ်။

Mon

## အီရန်နိုင်ငံက ဒေါ်နယ်လ်ထရမ့်ကို လုပ်ကြံခဲ့ခြင်းမရှိဟု သမ္မတ မာဆွတ်ပေဇက်ရှ်ကီယန် အတည်ပြုပြောကြား

**တီဟီရန် ဇန်နဝါရီ ၁၅**

မိမိတို့နိုင်ငံက ဒေါ်နယ်လ်ထရမ့်ကို လုပ်ကြံခဲ့ခြင်းမရှိဟု အီရန်သမ္မတ မာဆွတ်ပေဇက်ရှ်ကီယန် ဇန်နဝါရီ ၁၄ ရက်တွင် အတည်ပြုပြောကြားလိုက်ကြောင်း အင်န်ဘီစီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်အခြေစိုက် အဆိုပါသတင်းဌာန၏ မေးမြန်းခန်း အစီအစဉ်တွင် ၎င်းက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်အတွင်း ဒေါ်နယ်လ်ထရမ့်ကိုလုပ်ကြံရန် နှစ်ကြိမ်ကြိုးစားခဲ့ခြင်းကို အီရန်နိုင်ငံက အကွက်ချစီစဉ်ခဲ့သည်ဟု စွပ်စွဲကြသည်မှာ မဟုတ်မှန်ကြောင်း ၎င်းက ရှင်းလင်းပြောပြသည်။

ထရမ့်အနေဖြင့် မိမိတို့ဒေသတွင်း၌သာမက တစ်ကမ္ဘာလုံး သွေးထွက်သံယိုမှုမဖြစ်စေဘဲ ငြိမ်းချမ်းအောင်ဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်သည်ဟုလည်း အီရန်သမ္မတ မာဆွတ်ပေဇက်ရှ်ကီယန်က ဆက်လက်ပြောကြားသည်။

အီရန်နိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုသွားမည်ဖြစ်သည်ဟုလည်း ၎င်းက အဆိုပါမေးမြန်းခန်းတွင် ထည့်သွင်းပြောဆိုခဲ့ကြောင်း သိရသည်။

Mon







## ဂျပန်နိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက် ယမန်နှစ်က ပြည်ပဧည့်သည် ၃၆ သန်းကျော်ရှိခဲ့

**တိုကျို ဇန်နဝါရီ ၁၅**

ဂျပန်နိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်နေပြီး ယမန်နှစ်က ပြည်ပဧည့်သည် ၃၆ သန်းကျော်ရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၁၉ ခုနှစ်က ပြည်ပခရီးသွားဧည့်သည် ၃၂ သန်းသာရှိခဲ့ရာမှ ယမန်နှစ်အတွင်း ၃၆ ဒသမ ၈ သန်းအထိ မြင့်တက်လာခဲ့ကြောင်း ဂျပန်အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့အစည်းက အတည်ပြုကြေညာသည်။

၂၀၁၂ ခုနှစ်ကဝင်ရောက်ခဲ့သော ပြည်ပဧည့်သည်အရေအတွက်ထက် လေးဆမျှတိုးမြင့်လာခြင်းဖြစ်သည်ဟု ထိုအဖွဲ့အစည်းက နှိုင်းယှဉ်တင်ပြထားသည်။

အီတလီနိုင်ငံ၏ ရှေးဟောင်းမြို့ ဗင်းနစ်ကို ကမ္ဘာလှည့်ခရီးသွားများ အထူးစိတ်ဝင်စားလာအောင် စွဲဆောင်ခဲ့သည့်နည်းတူ ကျိုတိုရှေးဟောင်းမြို့သို့ အလည်အပတ်ခရီးစဉ်ကိုလည်း ထူးခြားအောင် လုပ်ဆောင်သွားမည်ဟု ဆိုသည်။

ဂျပန်အစိုးရက လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ပြည်ပခရီးသွားဧည့်သည် သန်း ၆၀ အထိ လာရောက်လည်ပတ်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

Mon

## အသက် ၄၇ နှစ်အရွယ် ဒန်နီယယ်လ်ချာပို မိုဇမ်ဘစ်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို

**မာပူတို ဇန်နဝါရီ ၁၅**

ဇန်နဝါရီ ၁၅ ရက်က အသက် ၄၇ နှစ်အရွယ် ဒန်နီယယ်လ်ချာပို မိုဇမ်ဘစ်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယမန်နှစ် အောက်တိုဘာလကကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲတွင် ထောက်ခံမဲ ၆၅ ရာခိုင်နှုန်းဖြင့် ၎င်းအနိုင်ရခဲ့ခြင်း ဖြစ်သည်။

တသီးပုဂ္ဂလသမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်အရွေးခံခဲ့သော မွန်းဒလိန်းအနေဖြင့် ထောက်ခံမဲ ၂၄ ရာခိုင်နှုန်းသာရရှိပြီး ရှုံးနိမ့်ခဲ့ရာ မဲမသမာမှုရှိသည်ဟု စွပ်စွဲနေဆဲဖြစ်ကြောင်း သိရသည်။

Mon





## အင်ဒိုနီးရှားနိုင်ငံရှိ အီဘူးမီးတောင် ပေါက်ကွဲ လူပေါင်းထောင်နှင့်ချီ၍ ဘေးလွတ်ရာရွှေ့ပြောင်း





**ဂျကာတာ ဇန်နဝါရီ ၁၅**

အင်ဒိုနီးရှားနိုင်ငံရှိ အီဘူး မီးတောင်ပေါက်ကွဲပြီး ဇန်နဝါရီ ၁၅ ရက်က မီးခိုးများနှင့် ပြာမှုန်များမှုတ်ထုတ်ရာ လူပေါင်းထောင်နှင့်ချီ၍ ဘေးလွတ်ရာရွှေ့ပြောင်း ခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဟာလမာဟေရကျွန်းပေါ်တွင်တည်ရှိသော အဆိုပါမီးတောင်ပေါက်ကွဲရာမှ ထွက်ပေါ်လာသော မီးခိုးငွေ့များသည် ၄ ကီလိုမီတာအကွာအထိ မြင့်တက်ရောက်ရှိခဲ့သည်။

ထိုကျွန်းပေါ်ရှိ အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့သူပေါင်း ၃၀၀၀ ခန့်ရှိကြောင်း သိရသည်။

Mon

## ရဲတပ်ဖွဲ့ဝင်များ သံဆူးကြိုးများဖြတ်တောက်ပြီးနောက် သမ္မတယွန်းဆွတ်ယူးလ်ကို ဖမ်းဆီးခေါ်ဆောင်သွား

**ဆိုးလ် ဇန်နဝါရီ ၁၅**



ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက တောင်ကိုရီးယားရဲတပ်ဖွဲ့ဝင်များ သမ္မတအိမ်တော်၏ သံဆူးကြိုးများကို ဖြတ်တောက်ပြီးနောက် နေအိမ်ဝင်းထဲသို့ဝင်ရောက်ကာ အသက် ၆၄ နှစ်အရွယ် သမ္မတယွန်းဆွတ်ယူးလ်ကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုအကြိမ်တွင် ရဲတပ်ဖွဲ့ဝင်အင်အား ၁၀၀၀ ခန့်ဖြင့် သမ္မတ၏အိမ်ကိုဝိုင်းထားပြီး ခြံစည်းရိုးကို ကျော်တက်သူများကတက်ကာ အတင်းအကျပ်ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

အစပိုင်းတွင် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဟန့်တားကြသော်လည်း နောက်ဆုံးတွင် ယွန်းကိုယ်တိုင်က အဖမ်းခံလိုက်ခြင်း ဖြစ်သည်။

မိမိအနေဖြင့် ဤသို့ဖမ်းဆီးခြင်းကို တရားဥပဒေနှင့်မညီဟု သိသော်လည်း သွေးထွက်သံယိုမှုမဖြစ်စေလိုသဖြင့် လိုက်ပါသွားခဲ့ရခြင်းဖြစ်ကြောင်း အဖမ်းခံပြီးနောက် ရိုက်ကူးထုတ်လွှင့်သော ၃ မိနစ်ကြာဗီဒီယိုဖိုင်တွင် ယွန်းက ပြောကြားသည်။

၎င်းကို အကျင့်ပျက်မှုတိုက်ဖျက်ရေးရုံးတွင် စစ်ဆေးမေးမြန်းသောအခါ မေးသမျှမဖြေဘဲ နှုတ်ဆိတ်နေခဲ့ကြောင်း မွန်းလွဲပိုင်း၌ သတင်းထွက်လာသည်။

ထိုရုံးအနေဖြင့် ၎င်းကို စစ်ဆေးချိန် ၄၈ နာရီရမည်ဖြစ်ပြီး အကယ်၍လိုအပ်ပါက နောက်ထပ် ရက် ၂၀ ဖမ်းဆီးထားရန် ဝရမ်းအသစ်ထပ်မံဆင့်ထုတ်ရမည်ဖြစ်ကြောင်း သိရသည်။ Mon

STOP AIDS



## အခြေခံမီးသတ်ပညာသင်တန်း(၁/၂၀၂၅) ဖွင့်လှစ်

**နမ့်စန် ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက ဆောင်ရွက်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီခွဲက နမ့်လစ်ကျေးရွာအုပ်စု၊ ခါနာန်ကျေးရွာရှိ ဘက်စုံသုံးခန်းမတွင် ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ရှမ်းပြည်နယ် မီးသတ်ဦးစီးမှူးရုံးမှ ပေးအပ်သည့် အရန်မီးသတ်ဝတ်စုံများကို လွိုင်လင်ခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသား သုံးဦးက လက်ခံရယူခဲ့သည်။

အဆိုပါ သင်တန်းကို ဇန်နဝါရီ ၁၃ ရက်မှ ဇန်နဝါရီ ၃၁ ရက်အထိ ဖွင့်လှစ်၍ မီးသတ်တပ်ဖွဲ့၏ အခန်းကဏ္ဍ၊ မီးဘေးအန္တရာယ်အပါအဝင် ဖြစ်ပွားတတ်သော ဘေးအန္တရာယ်များအကြောင်း၊ အခြေခံစစ်ရေးပြနှင့် အခြေခံမီးသတ်ပညာစသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး ခါနာန်ကျေးရွာမှ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ ဦး တက်ရောက်လျက်ရှိကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်အောင်ထံမှ သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

## မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးသတ်ပညာပေး ဟောပြောခြင်းများ ဆောင်ရွက်

**တောင်ကြီး ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ဈေးပိုင်းရပ်ကွက်ရှိ မြို့မဈေးကြီး၌ ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီက မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးဘေးအသိပညာပေးခြင်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်မှုများကို တောင်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးမြင့်သန်းက ဈေးသူ၊ ဈေးသားများနှင့် ဒေသခံပြည်သူများအား မီးလောင်မှုအခြေခံသဘောတရားများ၊ မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုပုံများနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောသည်။

ထို့နောက်မြို့နယ်မီးသတ် ဦးစီးမှူး ဦးမြင့်သန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံဦးခင်အေးနှင့်ဝန်ထမ်းများ၊ ဈေးသူ၊ ဈေးသားများက မီးလောင်မှုဖြစ်ပွားခြင်း အမျိုးမျိုးတို့ကို မီးသတ်ဆေးဘူးများ၊ မီးငြိမ်းသတ်အကူပစ္စည်းများဖြင့် ငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြသပြီး တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကာ သိလိုသမျှ မေးမြန်းမှုများကို မြို့နယ်မီးသတ်ဦးစီးမှူးက ဖြေကြားခဲ့သည်။ ဆက်လက်၍ ဈေးများ မီးလောင်မှုဖြစ်ပွားပါက အလျင်အမြန်မီးငြိမ်းသတ်နိုင်ရေးအတွက် နေရာယူခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုခြင်း၊ ရေဖျန်းခြင်းများကို လက်တွေ့သရုပ်ပြသဆောင်ရွက်ခဲ့သည်။



အလားတူ စဝ်စံထွန်းရပ်ကွက်ရှိ စဝ်စံထွန်းဈေး၌လည်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်မှုများကို ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနနှင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး တောင်ကြီးခရိုင် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးဇင်ဝင်း၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများ၊ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ ဈေးသူဈေးသားများ တက်ရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၆၈)**

## မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြပွဲ ကျင်းပ

**ရပ်စောက် ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးလောင်မှုနှင့် စပ်လျဉ်း၍ မီးလောင်မှု၏ သဘောသဘာဝများသိရှိနားလည်ပြီး ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်စေရန်နှင့် ဖြစ်ပွားလာပါက အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ ကျောင်းသား၊ ကျောင်းသူများမှတစ်ဆင့် မီးသတ်ပညာရပ်များ ပြည်သူလူထုထံသို့ ပျံ့နှံ့စေရန်၊ ကျောင်းအခြေပြု မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြပွဲကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ရပ်စောက်)၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဖြိုးမင်းက မီးဘေးအန္တရာယ်ဖြစ်ပွားနိုင်သော အကြောင်းအရာများ၊ မီးသတ်ဆေးဘူးအသုံးပြုနည်းများအား အသိပညာပေးပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများမှ သိရှိလိုသည်များကို မေးမြန်းဖြေဆိုကြကာ မီးဘေးလုံခြုံရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရမည့်လုပ်ငန်းများ၊ မီးဘေးအန္တရာယ်အရေးပေါ်ဖြစ်ပွားလာပါက အလျင်အမြန်ဆောင်ရွက်ရမည့် မီးသတ်ဆေးဘူးအသုံးပြုနည်းများကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။ ဟောပြောပွဲသို့ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်**

**(ပြန်/ဆက်)**

## ထောင်ကျနေစဉ် လုံလောက်သည့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု မရရှိခြင်းကြောင့် သေဆုံးသွားသည်ဟု မဟုတ်မမှန် သတင်းရေးသားဖြန့်ဝေ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဒိုက်ဦးဗဟိုအကျဉ်းထောင်တွင် ဆီးကျောက်ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရသည့် အကျဉ်းသား မျိုးမင်းဦးသည် ထောင်ကျနေစဉ်အတွင်း လုံလောက်သည့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု မရရှိခြင်းကြောင့် သေဆုံးသွားသည်ဟု Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန် သတင်းရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

အဆိုပါ အကျဉ်းသားသည် အကျဉ်းထောင်ဆရာဝန်နှင့် ကျန်းမာရေးမှူးတို့၏ အနီးကပ်ကြပ်မတ်ကုသပေးခြင်း၊ ပဲခူးခရိုင်ပြည်သူ့ဆေးရုံကြီးမှ တာဝန်ကျဆရာဝန်၊ ကျန်းမာရေး ဝန်ထမ်းများ၏ အချိန်ပြည့်ကြပ်မတ်ကုသပေးခြင်း၊ လိုအပ်သည့် ဆေးဝါးများကို အကျဉ်းထောင်ဆေးရုံမှ အချိန်မီ စီမံဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ခံစားနေရသောရောဂါဖြင့် သေဆုံးခြင်းသာဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝမပေး၍ သေဆုံးခဲ့ခြင်းမျိုး မဟုတ်ကြောင်း သိရသည်။

ဖြစ်စဉ်အမှန်မှာ အကျဉ်းသား မျိုးမင်းဦးသည် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်က ဆေးရုံအုပ်၏ ကျန်းမာရေးစစ်ဆေးချက်အရ နာတာရှည် ကျောက်ကပ်ရောဂါနှင့် သွေးအားနည်းရောဂါ ခံစားနေရကြောင်း တွေ့ရှိသဖြင့် ယင်းနေ့မှစတင်၍ အကျဉ်းထောင်ဆေးရုံတွင် တက်ရောက်စေပြီး အကျဉ်းထောင်ဆရာဝန်များက ဆေးဝါးကုသပေးခဲ့သည့်အပြင် ပိုမိုထိရောက်ကောင်းမွန်သော ဆေးကုသမှုခံယူနိုင်ရန် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် ပဲခူးခရိုင်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသပေးခဲ့ကြောင်း၊ ပြည်သူ့ဆေးရုံကြီးရှိ ဆရာဝန်များက ဆေးဝါးကုသပေးခဲ့သော်လည်း ဆေးရုံတက်ကာလ ၁၆ ရက်အကြာ ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် ခံစားနေရသောရောဂါဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးမကောင်းသည့် အကျဉ်းသားများကို အကျဉ်းထောင်ဆရာဝန်၊ ကျန်းမာရေးမှူးများဖြင့် ဆေးဝါးကုသပေးခြင်း၊ လိုအပ်သည့်ဆေးဝါးများကိုလည်း အချိန်မီဝယ်ယူ ဖြည့်တင်းပေးခြင်းတို့ဖြင့် ဆေးကုသမှုပေးလျက်ရှိပြီး မိသားစုဝင်များက အကျဉ်းသားအတွက် လာရောက်ပေးအပ်သည့် ဆေးဝါးများကို အကျဉ်းထောင်ဆရာဝန်က စိစစ်လက်ခံ၍ သောက်သုံးစေလျက်ရှိသည့်အပြင် ပြင်ပပြည်သူ့ဆေးရုံကြီးသို့ ပြသ/တင်ပို့ ကုသရန်လိုအပ်သူများကို အချိန်နှင့် တစ်ပြေးညီ ပြသ/တင်ပို့ ကုသပေးလျက်ရှိသဖြင့် Khit Thit Media အမည်ခံ Facebook Page ၏ သတင်းရေးသားဖော်ပြမှုသည် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဝါဒဖြန့်ရေးသားဖော်ပြခြင်းသာဖြစ်သည်။

**သစ္စာ**

## ချောက်မြို့နယ် ဆည်ကန်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ရှိဆည်ကန်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတုသတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည့်သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်း သိရှိရပြီး အကြမ်းဖက်သမားများအနေဖြင့် နယ်မြေ တည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုအား အနိုင်ကျင့် ခြိမ်းခြောက်မှုများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိ




သည့်ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့် ဓာတ်ပုံများကိုအသုံးပြု၍ မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ချည်မျှင်စက်ရုံတွင် ဝါလိပ်များ မီးလောင်မှု ဖြစ်ပွား

**မန္တလေး ဇန်နဝါရီ ၁၅**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ ၁၃၈ လမ်းနှင့်လမ်း ၇၀ထောင့်ရှိ မန္တလေး ချည်မျှင်စက်ရုံ(၁)အတွင်း ဝါဖန့်စက်မော်တာမှ မီးပွားထွက်၍ အနီးရှိ စုပုံထားရှိသော ဝါလိပ်များပေါ်သို့ မီးပွားကျပြီး မီးလောင်မှု ဇန်နဝါရီ ၁၄ရက် မွန်းလွဲ ၁၂ နာရီခွဲက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင် ၂၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့သည် မီးငြိမ်းသတ်ယာဉ် ငါးစီး၊ မီးသတ်ရေသယ်ယာဉ်နှစ်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးဖြင့် ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် ၁၂၀ပေ× ပေ၁၀၀)SteelStructure တစ်ထပ် အဆောက်အအုံအတွင်းရှိ ဝါ ၂၀ ပိဿာခန့် မီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစွာသုံးစွဲသူအား ပြည်ကြီးတံခွန်မြို့နယ် စက်မှုနယ်မြေရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(၀၅၇)**

# မန္တလေးမြို့၌ မြန်မာ-အိန္ဒိယနယ်စပ်သို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သည့်အဖွဲ့အား ဘိန်းဖြူ ၅ ဒသမ ၉၄ ကီလို၊ PHENSEDYL ပုလင်း ၃၀ နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ





ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ နှင့်အတူ တွေ့ရစဉ်။


နေပြည်တော် ဇန်နဝါရီ ၁၅

မန္တလေးမြို့၌ မြန်မာ-အိန္ဒိယနယ်စပ်သို့ မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်သည့်အဖွဲ့အား ဘိန်းဖြူ ၅ ဒသမ ၉၄ ကီလို၊ PHENSEDYL ပုလင်း၃၀ နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၇ ရက် ညနေ ၄ နာရီတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂) ရပ်ကွက် ၄၁(A)လမ်း၊ ၆၁ x ၆၂ လမ်းကြားတွင် မူးယစ်ဆေးဝါး အရောင်းအဝယ် ပြုလုပ်နေကြောင်း သတင်းအရရှာဖွေစစ်ဆေးခဲ့ရာ စောဖြိုးအောင်၊ လင်းလင်းအောင်၊ လှိုင်ဖြိုးထွေး(ခ)ကိုထွေး နှင့် အောင်မျိုးသိန်း(ခ)တာတီးတို့ လေးဦးကို TOYOTA CROWN မော်တော်ယာဉ်တစ်စီး၊ ပလတ်စတစ် ဆပ်ပြာခွက် ၆၆၀ ဖြင့် ထည့်လျက် ဘိန်းဖြူ ၅ ဒသမ ၉၄ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၄ နာရီခွဲအချိန် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင် ရပ်ကွက်ရှိ စောဖြိုးအောင်၏ နေအိမ်မှ တစ်ပုလင်းလျှင် ၁၀၀ မီလီလီတာစီပါ PHENSEDYL ပုလင်း ၃၀ ထပ်မံ ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာနေ ကိုစိုင်း(ခ)အားချိန်၏ အစီအမံဖြင့် ချမ်းအေးသာစံမြို့နယ်နေ အောင်သူ (ခ) စိန်သောင်းက တာဝန်ခံ၍ လှိုင်ဖြိုးထွေး၊ သန့်ဇင်ထွန်း၊ လင်းလင်းအောင်နှင့် ဇော်မျိုးသိန်းတို့အား သယ်ဆောင်ခိုင်းပြီး ချမ်းအေးသာစံမြို့နယ်နေ စောဖြိုးအောင်မှ မန္တလေးမြို့တွင် ဘိန်းဖြူများဝယ်ယူ၍ မြန်မာ-အိန္ဒိယနယ်စပ်၊ တမူးမြို့နယ်သို့ သယ်ဆောင် ရောင်းဝယ်ပြီး မြန်မာ-အိန္ဒိယနယ်စပ်နေ ကီရန်းက ပြန်လည်ရောင်းချခြင်းဖြစ်ကြောင်းနှင့် ကလေးမြို့မှ မန္တလေးမြို့သို့ PHENSEDYL များ သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဘိန်းဖြူ ရောင်းချပေးခဲ့သည့် အောင်သူနှင့် သန့်ဇင်ထွန်းတို့အား ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ် လိန်းလီကျေးရွာအနီးတွင် SUZUKI Ciaz မော်တော်ယာဉ် တစ်စီးနှင့် လည်းကောင်း၊ PHENSEDYL များ ရောင်းချပေးခဲ့သူ လှိုင်မျိုးထွန်း(ခ) သီလွန်း အား မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မင်းတဲအီကင်း ရပ်ကွက်တွင် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့၍ ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**မန္တလေးမြို့တွင် မြန်မာ-အိန္ဒိယနယ်စပ်သို့သယ်ဆောင်ရောင်းဝယ်သည့် ဘိန်းဖြူ ၅ ဒသမ ၉၄ ကီလိုနှင့် မန္တလေးသို့ PHENSEDYL ဆေးရည် သယ်ဆောင်ရောင်းဝယ်သူများ ဖော်ထုတ်ဖမ်းဆီးရမိ**



# ညစ်ညမ်းစာများကို ပုံနှိပ်၊ ထုတ်ဝေခဲ့သည့်အတွက် လုပ်ငန်းပိတ်သိမ်းထားသော ပုံနှိပ်သူနှင့် ထုတ်ဝေသူစာရင်းအား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့် အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အောက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)ပါ ညစ်ညမ်းစာများကိုဖော်ပြခြင်း စည်းကမ်းချက်ကိုဖောက်ဖျက်၍ ဟီရိဩတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော၊ လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့် ခံစားနားလည်မှုကို လွဲမှားစေနိုင်သော အကြောင်းအရာများကို ပုံနှိပ်၊ ထုတ်ဝေဖြန့်ချိခဲ့ကြောင်း တွေ့ရှိရပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ အမည် | ပုံနှိပ်သူ/ထုတ်ဝေသူ အမည်/မှတ်ပုံတင် အမှတ်/ စာပေတိုက် | ပုံနှိပ်သူ/ ထုတ်ဝေသူ နေရပ်လိပ်စာ | အရေးယူ ဆောင်ရွက်မှု |
|---|---|---|---|---|---|
| (က) | "သခင်ကြင်လျှင် ပန်တော်မူ" | Poe Sone Kyuu | ဒေါ်အေးအေးသင်း<br>မာစတာ(Master) မိတ္တူ<br>(လုပ်ငန်းအသိအမှတ်ပြု လက်မှတ်မရှိ)<br><br>ဒေါ်အေးသီဟန်ဖြိုး<br>၁၂/သကတ(နိုင်)<br>၁၉၈၆၁၂<br>(Euphoria Book House -၀၃၁၅၃) | အမှတ်-၁၀၃၊<br>ဝေဇယန္တာလမ်း၊<br>၆-ရပ်ကွက်၊<br>သာကေတမြို့နယ်၊<br>ရန်ကုန်မြို့။<br><br>အမှတ်(၁၂၄၁/ ခ)၊<br>ခိုင်ရွှေဝါ(၁) လမ်း၊<br>(၁၃) ရပ်ကွက်၊<br>၁၀/တောင်၊<br>သာကေတမြို့နယ်၊<br>ရန်ကုန်မြို့။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ ရန်ပျက်ကွက်ခြင်း |
| (ခ) | "အို ... ဤအချစ် များရယ် ဘာကြောင့် ဆုံဖို့ခက်ရတယ်" | Suri Park | ဒေါ်အေးအေးသင်း<br>မာစတာ(Master) မိတ္တူ<br>(လုပ်ငန်းအသိအမှတ်ပြု လက်မှတ်မရှိ) | အမှတ်-၁၀၃၊<br>ဝေဇယန္တာလမ်း၊<br>၆- ရပ်ကွက်၊<br>သာကေတမြို့နယ်၊<br>ရန်ကုန်မြို့။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ ရန်ပျက်ကွက်ခြင်း |
| | | | ဒေါ်အေးသီဟန်ဖြိုး<br>၁၂/သကတ(နိုင်)<br>၁၉၈၆၁၂<br>(Euphoria Book House -၀၃၁၅၃) | အမှတ်(၁၂၄၁/ ခ)၊<br>ခိုင်ရွှေဝါ(၁) လမ်း၊<br>(၁၃) ရပ်ကွက်၊<br>၁၀/တောင်၊<br>သာကေတမြို့နယ်၊<br>ရန်ကုန်မြို့။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ ရန်ပျက်ကွက်ခြင်း |
| (ဂ) | "ရင်ခွင်ညှာရယ် ချစ်လွန်းပို၏" | Mirella-vc | ဒေါ်အေးအေးသင်း<br>မာစတာ(Master) မိတ္တူ<br>(လုပ်ငန်းအသိအမှတ်ပြု လက်မှတ်မရှိ)<br><br>ဒေါ်အေးသီဟန်ဖြိုး<br>၁၂/သကတ(နိုင်)<br>၁၉၈၆၁၂<br>(Euphoria Book House -၀၃၁၅၃) | အမှတ်-၁၀၃၊<br>ဝေဇယန္တာလမ်း၊<br>၆-ရပ်ကွက်၊<br>သာကေတမြို့နယ်၊<br>ရန်ကုန်မြို့။<br><br>အမှတ်(၁၂၄၁/ ခ)၊<br>ခိုင်ရွှေဝါ(၁) လမ်း၊<br>(၁၃) ရပ်ကွက်၊<br>၁၀/တောင်၊<br>သာကေတမြို့နယ်၊<br>ရန်ကုန်မြို့။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ ရန်ပျက်ကွက်ခြင်း |

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ဝေစာများအား ဖတ်ရှုလေ့လာစိစစ်၍ ကြပ်မတ်စိစစ်လျက်ရှိပါကြောင်းနှင့် အဆိုပါ ဥပဒေစည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သော အထက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူတို့အား ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ရုပ်သိမ်းခြင်း၊ ထုတ်ဝေစာအုပ်များကို တရားမဝင်ထုတ်ဝေစာအဖြစ် ထုတ်ပြန်ကြေညာခြင်း၊ ဥပဒေနှင့်အညီတရားစွဲဆိုခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို လေးစားလိုက်နာကြရန်နှင့် ဥပဒေပါစည်းကမ်းချက်များကို ဖောက်ဖျက်၍ ပုံနှိပ်၊ ထုတ်ဝေခြင်းများကိုပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန




## အွန်လိုင်းတွင် မဖွယ်မရာဓာတ်ပုံများတင်ခဲ့သည့် သိမ်းငှက်ထိန်းအား လာဇီယိုအသင်းထုတ်ပယ်

**တူရင် ဇန်နဝါရီ ၁၅**

စီးရီးအေကလပ် လာဇီယို အသင်းသည် အွန်လိုင်းတွင် မဖွယ်မရာဓာတ်ပုံများတင်ခဲ့သည့် အသင်း၏ လာဘ်ကောင်သိမ်းငှက်ထိန်းဖြစ်သူ ဂျူအန်ဘာနာဘီအား ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၅၆)နှစ်အရွယ်ရှိ ဂျူအန်ဘာနာဘီအား ပြီးခဲ့သည့် ၂၀၁၀-၂၀၁၁ ဘောလုံးရာသီကတည်းက ကလပ်အသင်း၏ လာဘ်ကောင်သိမ်းငှက်အား ထိန်းကျောင်းလာခဲ့သူဖြစ်ပြီး ယခုရက်ပိုင်းအတွင်း အွန်လိုင်းတွင် မဖွယ်မရာဓာတ်ပုံတင်ခဲ့မှုကြောင့် ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

လာဇီယိုအသင်းထုတ်ပြန်ချက်တွင် "ဂျူအန်ဘာနာဘီအား ထုတ်ပယ်ခဲ့ပါပြီ။ သူဟာ အွန်လိုင်းတွင် မဖွယ်မရာပုံများတင်ခဲ့ပြီး အသင်းရဲ့ပုံရိပ် ကျဆင်းအောင် ပြုမူခဲ့သည့်အတွက် ယခုလိုထုတ်ပယ်ခဲ့ခြင်းဖြစ်ပါတယ်"ဟု ထုတ်ပြန်သည်။

**(အောက်ပုံ) (NGB)**



## ရာသီဥတုအခြေအနေကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် အဲဗာတန်-လီဗာပူးတို့ပွဲစဉ် ဖေဖော်ဝါရီ ၁၂ရက်တွင် ယှဉ်ပြိုင်ကစားမည်




**လန်ဒန် ဇန်နဝါရီ ၁၅**

ရာသီဥတုအခြေအနေကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် အဲဗာတန်အသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်အား လာမည့် ဖေဖော်ဝါရီ ၁၂ရက်တွင် ပြန်လည်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အဲဗာတန်အသင်းနှင့် လီဗာပူး အသင်းတို့သည် ပြီးခဲ့သည့် ဒီဇင်ဘာ ၇ ရက်က ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း မုန်တိုင်း တိုက်ခတ်မှုအခြေအနေကြောင့်ပွဲကို ရွှေ့ဆိုင်းခဲ့ရပြီး လာမည့်ဖေဖော်ဝါရီ ၁၂ရက်မှ ပြန်လည်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ပရီးမီးယားလိဂ်ပွဲ ၂၀ကစားအပြီးတွင် ရမှတ် ၄၇ မှတ်ဖြင့် အဆင့် ၁ နေရာတွင် ရပ်တည်ပြီး ချန်ပီယံဆုဆွတ်ခူးရန် ရေပန်းစားဆုံးအသင်းဖြစ်နေသလို အဲဗာတန်အသင်းမှာမူ ပရီးမီးယားလိဂ်ပွဲ ၂၀ကစားအပြီးတွင် ရမှတ် ၁၇မှတ်ဖြင့် အဆင့် ၁၆ တန်ဆင်းဇုန်နေရာအနီးတွင် ရပ်တည်လျက်ရှိသည်။

**(အပေါ်ပုံ) (NGB)**

## ဒီဇင်ဘာလအတွက် ပြင်သစ်လီဂူးတစ်လတာ အကောင်းဆုံးကစားသမားဆုကို ဂရင်းဝုဒ်ဆွတ်ခူး

**ပါရီ ဇန်နဝါရီ ၁၅**

ပြင်သစ်လီဂူးမှ လစဉ် လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် ဒီဇင်ဘာလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို မာဆေးလ်အသင်းတိုက်စစ်မှူး ဂရင်းဝုဒ်က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် မာဆေးလ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက ပြင်သစ်လီဂူးပွဲစဉ် ၃ပွဲကစားပြီး ၂ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂရင်းဝုဒ်သည် မာဆေးလ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၈ပွဲ ကစားပြီး ၁၂ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဂရင်းဝုဒ်က "ကျွန်တော် အခုလို ပြင်သစ်လီဂူးတစ်လတာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေနဲ့ အသင်းအောင်မြင်မှုများ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



## ဆာဗင်ဟိုအား ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ အပြိုင်စိတ်ဝင်စား



**လန်ဒန် ဇန်နဝါရီ ၁၅**

ဥရောပထိပ်သီးကလပ်အသင်းကြီးများဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့သည် မန်ချက်စတာစီးတီးအသင်း တောင်ပံကစားသမား ဆာဗင်ဟိုအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။ **(ဝဲပုံ)**

အသက်(၂၀)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၆ပွဲကစားပြီး ၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဥရောပထိပ်သီးကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

မန်ချက်စတာစီးတီးအသင်းကလည်း ဆာဗင်ဟိုအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့အနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် မန်ချက်စတာစီးတီးအသင်းထံမှ ဆာဗင်ဟိုအား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(NGB)**

## တိုင်ဆန်ဖျူရီ လက်ဝှေ့ကစားသမားဘဝမှ အနားယူကြောင်းကြေညာ

**လန်ဒန် ဇန်နဝါရီ ၁၅**

ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဟောင်း ဗြိတိန်နာမည်ကျော် လက်ဝှေ့ကစားသမား တိုင်ဆန်ဖျူရီက မိမိအနေဖြင့် လက်ဝှေ့လောကမှ အနားယူပြီဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက်(၃၆)နှစ်အရွယ်ရှိ တိုင်ဆန်ဖျူရီသည် လက်ဝှေ့ကစားသမား ဘဝတစ်လျှောက်တွင် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ နှစ်ကြိမ်အထိရယူနိုင်ခဲ့သလို၊ ၃၇ပွဲထိ ထိုးသတ်ထားရာ ၃၄ပွဲနိုင်၊ ၁ပွဲသရေ၊ ၂ပွဲရှုံးရလဒ် ပိုင်ဆိုင်ခဲ့သည်။

တိုင်ဆန်ဖျူရီက "ကျွန်တော် လက်ဝှေ့ကစားသမားဘဝမှ အပြီးတိုင် အနားယူပါပြီ။ ကျွန်တော် လက်ဝှေ့မှာရှိတဲ့ အရာတိုင်းကို ချစ်မြတ်နိုးပါတယ်။ ကျွန်တော် လက်ဝှေ့ကစားခဲ့တဲ့အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ"ဟု ပြောသည်။

**(ယာပုံ) (NGB)**

*-*-*-*-*



## မာလန်းအား အက်စတွန်ဗီလာအသင်း ခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၁၅**

အက်စတွန်ဗီလာအသင်းသည် ဒေါ့မွန်အသင်း တိုက်စစ်မှူး မာလန်းအား ပြောင်းရွှေ့ကြေးယူရို ၂၃သန်း+အပိုဆုကြေး ယူရို ၃သန်းဖြင့် အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဒေါ့မွန်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၂ပွဲကစားပြီး ၃၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာ အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ မာလန်းက "ကျွန်တော် အက်စတွန်ဗီလာအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကိုနွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုအထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသိမ်းပိုက်သွားမှာပါ"ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



## 2025 Australian Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ Carlos Alcaraz တက်ရောက်

**လန်ဒန် ဇန်နဝါရီ ၁၅**

သြစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Australian Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။



အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2025 Australian Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဂျပန်တင်းနစ်ကစားသမား Yoshihito Nishioka အား ၆-၀၊ ၆-၁၊ ၆-၄ ဖြင့် အနိုင်ရရှိကာ တတိယ အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Australian Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် ပေါ်တူဂီတင်းနစ်ကစားသမား Nuno Borges တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(ဝဲပုံ) (NGB)**

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၁)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|---|
| ၁၇-၁-၂၀၂၅ | (၁၈)အစ်ဆွစ်ချ် - ဘရိုက်တန်(၁၀) | အစ်ဆွစ်ချ် ၀-၀ ဘရိုက်တန် | [illegible] | အစ်ဆွစ်ချ်(အိမ်) | ၁၀ | ၁ | ၄ | ၅ | ၈ | ၁၆ |
| နံနက်၀၂၀၀နာရီ | (ဘရိုက်တန် ၀-၀ အစ်ဆွစ်ချ်) | ဘရိုက်တန် ၁-၁ အစ်ဆွစ်ချ် | | ဘရိုက်တန်(ဧည့်) | ၁၀ | ၃ | ၄ | ၃ | ၁၆ | ၁၆ |
| ၁၇-၁-၂၀၂၅ | (၁၃)မန်ယူ - ဆောက်သမ်တန်(၂၀) | မန်ယူ ၀-၀ ဆောက်သမ်တန် | [illegible] | မန်ယူ(အိမ်) | ၁၀ | ၄ | ၂ | ၅ | ၁၃ | ၁၆ |
| နံနက်၀၂၃၀နာရီ | (ဆောက်သမ်တန် ၀-၃ မန်ယူ) | ဆောက်သမ်တန် ၀-၁ မန်ယူ | | ဆောက်သမ်တန်(ဧည့်) | ၁၀ | - | ၂ | ၈ | ၅ | ၁၇ |

# မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အထူးသီးသန့်ခန်းတွင် တက်ရောက်ဆေးကုသမှုခံယူနေသည့် နိုင်ငံတော်သြဝါဒါစရိယ၊ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် ဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်ပြီး ကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထား



**မန္တလေး ဇန်နဝါရီ ၁၅**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ကိုးထပ်ဆောင်ရှိ အထူးသီးသန့်ခန်းတွင် တက်ရောက်ဆေးကုသမှု ခံယူသီတင်းသုံးနေသည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၊ နိုင်ငံတော်သြဝါဒါစရိယ၊ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် ဆရာတော်ကြီး အဘိဇမဟာရဋ္ဌဂုရု အဘိဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဣန္ဒောဘာသာဘိဝံသ(သက်တော် ၉၃ နှစ်၊ သိက္ခာတော် ၇၃ဝ) အား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာတော်ကြီးအားဖူးမြော်၍ လှူဖွယ်ပစ္စည်းများနှင့် အာဟာရဖြည့်စွက်စာများ လှူဒါန်းကာ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူး ၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီး၏ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာတော်ကြီးအား ကျန်းမာရေးစောင့်ရှောက်ပေးရာတွင် လစ်ဟင်းမှုမရှိစေရန် အထူးကြပ်မတ်ဆောင်ရွက်ပေးရေးတို့ကိုတာဝန်ရှိသူများအား မှာကြားပြီးလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်သြဝါဒါစရိယ၊ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် ဆရာတော်ကြီးမှာ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ကိုးထပ်ဆောင်ရှိ အထူးသီးသန့်ခန်းတွင် သီတင်းသုံးကာ လိုအပ်သည့် ဆေးဝါးကုသမှုများ ခံယူလျက်ရှိပြီး ဆရာတော်ကြီး၏ ကျန်းမာရေး စောင့်ရှောက်မှုများနှင့် ပတ်သက်၍ ဆေးရုံအုပ်ကြီးဒေါက်တာဆန်းလွင်ဦး၊ အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာအေးအေးချစ်၊ အစာအိမ်နှင့် အူလမ်းကြောင်း အထူးကု ဆရာဝန်ကြီးပါမောက္ခ ဒေါက်တာ ဝင်းဖြူဖြူမြင့်တို့အဖွဲ့က အနီးကပ်ကြပ်မတ်ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ-ဝ

# အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဇန်နဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက် ၇ နာရီက ချမ်းအေးသာစံမြို့နယ်၊ အကွက်အမှတ်(၅၄၉)၊ ၃၄လမ်း၊ ၈၅ လမ်းနှင့် ၈၆ လမ်းကြား၊ အောင်နန်းရိပ်သာအနောက်၊ မလွန်ရေတွန်းစက်ရုံရှေ့တွင် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးမည့် အစီအစဉ်များမှာ ဇန်နဝါရီ ၁၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆ လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှ စတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အပတ်စဉ်(၁/၂၀၂၅) ဖွင့်လှစ်



**မင်းဘူး ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအပတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉နာရီက အဆိုပါ ဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးအောင်မြင့်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မင်းဘူးခရိုင်၊ မီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းက မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန် (၄)ရပ်နှင့်အညီ ဆောင်ရွက်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနည်းတူ စွမ်းရည်(၄)ရပ်ဖြစ်သော မီးငြိမ်းသတ်ရေးစွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်၊ အုပ်ချုပ်မှုစွမ်းရည်နှင့်စည်းရုံးရေးစွမ်းရည်များ ပြည့်ဝစေရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းအဖြစ် အပတ်စဉ်(၁/၂၀၂၅)ကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါအရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၅)တွင် မီးသတ်တပ်ဖွဲ့၏ ရည်ရွယ်ချက်၊ ရည်မှန်းချက် လုပ်ငန်းတာဝန်များ၊ ချီတက်အလေးပြုခြင်း၊ မီးလောင်မှုအခြေခံသဘောတရားများ၊ အခြေခံမီးငြိမ်းသတ်နည်း၊ အရန်မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များ၊ အရေးပေါ် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုနည်း၊ ပိုက်လိပ်၊ ပိုက်ခေါက်၊ ပိုက်ခေါင်းနှင့် ပိုက်ဆက်နည်း အမျိုးမျိုး၊ လေ့ကားလေ့ကျင့်ခန်း၊ အခြေခံကြိုးချည်နည်း၊ ကြိုးကူးလေ့ကျင့်ခန်း၊ ရေစိုလေ့ကျင့်ခန်း၊ ရှာဖွေကယ်ဆယ်ရေး နည်းလမ်းများနှင့်မီးလောင်ခံရသူအား ရှေးဦးသူနာပြုစုနည်းစသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ဖြင့် ဇန်နဝါရီ ၁၃ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ ရက်သတ္တ(၄)ပတ်ကြာ စနစ်တကျ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ၄င်းသင်တန်းသို့ မင်းဘူးမြို့ပေါ်ရှိ ရပ်ကွက်ကြီး(၄)ရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသားစုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

**(အပေါ်ပုံ)**

**(၅၀၀)**

# နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲ ကျင်းပ

**ခိုလမ် ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့၊ အခြေခံပညာမူလတန်းလွန်ကျောင်း(ဝမ်ဖွီး)တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါနိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲတွင် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်မင်းစိုးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ခိုလမ်မြို့ရှေ့တန်းရုံးတာဝန်ခံ ဒေါ်ကေသီအေးမှ နိုင်ငံသားကတ်ကွင်းဆင်းဆောင်ရွက်ပေးခြင်းအား ရှင်းလင်းပြောကြားခဲ့သည်။

အခြေခံပညာ မူလတန်းလွန်ကျောင်း(ဝမ်ဖွီး)တွင် ပညာသင်ကြားနေသော အသက် ၁၀နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား ကွင်းဆင်း၍ နိုင်ငံသားကတ်ဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၁ ကတ်အား ခိုလမ်တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး မင်းသီဟကျော်နှင့် တာဝန်ရှိသူများက မူလွန်(ဝမ်ဖွီး) ကျောင်းအုပ်ဆရာမကြီးထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



**လျှပ်စစ်သုံးလျှင် သတိယှဉ်**

**ဝန်အားမမျှ မသုံးရ။**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ(၁/၂၀၂၅)လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်






**မန္တလေး ဇန်နဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများပြန်လည် စိစစ်ရေးကော်မတီ၏(၁/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခင်အစည်းအဝေး ဆွေးနွေးသုံးသပ်ဆုံးဖြတ်ချက်များအပေါ် လုပ်ငန်းများ ဆောင်ရွက်ရာတွင်တိကျမှန်ကန်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တိုင်ကြားလာသည့် အမှုတွဲများနှင့် ဌာနအသီးသီးမှပြန်လည် စွန့်လွှတ်သည့်မြေများကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်သော ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း တိကျမှန်ကန်စွာ စိစစ်ဆောင်ရွက်ပြီး မူဝါဒများနှင့်အညီ ပြန်လည်ပေးအပ်သွားနိုင်ရေး အမြန်ဆုံးပြီးပြတ်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကော်မတီ၏ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က တိုင်းဒေသကြီးအတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ယခင်ကော်မတီက ဆောင်ရွက်ထားရှိမှု၊ ဖြေရှင်းဆောင်ရွက်ပြီးစီးမှုနှင့် ပြင်ဆင်ဖွဲ့စည်းပြီးနောက်ပိုင်း ဆောင်ရွက်နေမှုအခြေအနေများ၊ ဗဟိုကော်မတီသို့ တင်ပြတိုင်ကြားသည့် အမှုတွဲများအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများအား ဆွေးနွေးတင်ပြပြီးနောက် ခရိုင် ၁၁ ခုမှ ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌများက ယခင်အစည်းအဝေးဆွေးနွေးချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ အကြံပြုကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် အကြံပြုချက်များအပေါ် ပေါင်းစပ်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀

## အသေးစားချေးငွေကဏ္ဍတွင် ပြည်ပကုမ္ပဏီ ၅၃ ခု ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေ



မြန်မာနိုင်ငံရဲ့ အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍမှာ ပြည်ပကုမ္ပဏီ ၅၃ ခု ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက သိရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလအထိ ပြည်တွင်းကုမ္ပဏီ ၁၁၂ ခု၊ အစုစပ်ကုမ္ပဏီ ၉ ခု၊ စုစုပေါင်း ကုမ္ပဏီ ၁၇၄ ခု လုပ်ကိုင်ဆောင်ရွက်နေသည်။ ကုမ္ပဏီတွေဟာ တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုက မြို့နယ်ပေါင်း ၂၆၃ မြို့နယ်၊ ရပ်ကွက် ၂၃၀၀ နှင့် ကျေးရွာပေါင်း ၂၇၀၀၆ ရွာက အသင်းဝင်ဦးရေ ၃ ဒသမ ၂၂၈ သန်းကို ငွေကျပ် ၂ ဘီလီယံခန့် ထုတ်ချေးပေးထားသည်။

ကော်မတီအနေနှင့် Digital Financial Services တွေကို အသုံးပြုပြီး ချေးငွေပြန်လည်ကောက်ခံခြင်းနှင့် ချေးငွေရယူသူများ၏ ငွေစာရင်းထံ ချေးငွေထုတ်ချေးခြင်းတို့ကို ဗဟိုဘဏ်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနေကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိ လူမှုစီးပွားဖြစ်ပေါ် တိုးတက်မှုတွေနဲ့ လိုက်လျောညီထွေသော အများဆုံးထုတ်ချေးငွေ သတ်မှတ်ချက်နှင့် စုဆောင်းငွေ သတ်မှတ်ချက် တိုးမြှင့်ပေးနိုင်ရေး စီစဉ်နေကြောင်းလည်း ဆက်လက်ပြောကြားသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ချေးငွေရရှိစေရန် ပြည်တွင်းဘဏ်တွေအပြင် အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီတွေကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းထားသည်။

ဇန်နဝါရီ ၁၃ ရက်မှာ ပြုလုပ်သော အစည်းအဝေးမှာ ကော်မတီအနေဖြင့် ပြည်တွင်း ကုမ္ပဏီ ၃ ခု၊ မ,တည်ငွေရင်း တိုးမြှင့်ခွင့်ပြုသော ကုမ္ပဏီ ၄ ခု၊ ကော်ပိုရိတ်အသက်အာမခံကိုယ်စားလှယ်ခွင့်ပြုမှု ၃ ခု၊ နယ်မြေတိုးချဲ့သည့် ကုမ္ပဏီ ၃ ခုတို့ကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ **ရွှေမန်း**

## ရှမ်းစုကျေးရွာတွင် အိုးလုပ်ငန်း စတင်လုပ်ကိုင်

**ကျွန်းလှ ဇန်နဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး တစ်ဖက်တစ်လမ်းက မိသားစုဝင်ငွေရရှိရန်အတွက် အိုးလုပ်ငန်း စတင်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း အိုးလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ မိသားစုက တောင်သူလုပ်ငန်းပြီးတာနဲ့ အိုးလုပ်ငန်းလုပ်ကိုင်ကြတယ်။ အိုးလုပ်ငန်းလုပ်ကိုင်ရာမှာ လိုအပ်တဲ့ ရွှံ့မြေနဲ့ သဲကို ဒေသတွင်းက ရရှိတယ်။ အိုးလုပ်ရာမှာ သောက်ရေအိုးကို အဓိကထား လုပ်ကိုင်ကြတယ်။ ဒီနှစ်ကုန်ကြမ်းပစ္စည်းတွေ ဈေးမြင့်တက်သော်လည်း အိုးတစ်လုံးငွေကျပ် ၅၀၀၀ ဈေးရှိတဲ့အတွက် အဆင်ပြေတယ်" ဟု ရှမ်းစုကျေးရွာ အိုးလုပ်ငန်းလုပ်ကိုင်သူ ဦးမောင်ထူးက ပြောသည်။

အိုးလုပ်ငန်းလုပ်ကိုင်ရာတွင် သောက်ရေအိုး၊ မီးသတ်အိုး၊ ထမင်းအိုး၊ ပေါင်းအိုး၊ ဟင်းအိုး၊ ပန်းအိုး၊ ဆီမီးခွက် စသည့် အသုံးပစ္စည်းများလုပ်ကိုင်ကြပြီး ထွက်ရှိသော အိုးများကို ကျွန်းလှမြို့နယ်နှင့် ကန့်ဘလူမြို့နယ်သို့ ရောင်းချကြောင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင် ရရှိကြကြောင်း သိရသည်။ **(၄၈၀)**



## ဆည်ရေသောက်စနစ်ဖြင့် နွေစပါး စိုက်ပျိုးနိုင်ရေး တောင်သူအသိပညာပေး ဆွေးနွေးပွဲ ပြုလုပ်

**တောင်တွင်းကြီး ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ်အတွင်းရှိ အစိုးရဆည်၊ ရေလှောင်တမံများဖြစ်သော ငမင်ရေလှောင်တမံနှင့် ရန်ပယ်ရေလှောင်တမံ ဆည်ရေသောက်စနစ်ဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးဧက ၉၀၀ ကျော် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တောင်တွင်းကြီးမြို့နယ်၊ ပရပ်ကြယ်အုပ်စု၊ ကံကြီးကုန်းကျေးရွာသို့ သွားရောက်၍ ဒေသခံတောင်သူများကို နွေစပါးသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲ ကျင်းဆင်းဆောင်ရွက်ခဲ့သည်။

တွေ့ဆုံဆွေးနွေးရာတွင် တောင်တွင်းကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျေးရွာအုပ်စုများမှ ဒေသခံတောင်သူများ နွေစပါးသီးနှံ အချိန်မီစိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားခဲ့သည်။

မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ AE ဦးထိန်လင်းက ဆည်၊ရေလှောင်တမံများမှ နွေစပါးထုတ်လုပ်နိုင်ရေးအတွက် ဆည်ရေရယူစိုက်ပျိုးသည့်အခါ ကွက်ဆင့်သောက်စနစ်အစား လယ်ကြားမြောင်းဖောက်လုပ်ပြီး ဆောင်ရွက်ခြင်းအားဖြင့် ရေကိုလိုအပ်သည့်အချိန် အချိန်မီသွင်းနိုင်သဖြင့် အရည်အသွေးပြည့်မီသည့် နွေစပါးသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းနှင့် ရေအလေအလွင့်နည်းပါးသဖြင့် နွေစပါးစိုက်ဧကများကို ရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်အေးက လယ်ယာမြေဥပဒေနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးခဲ့ကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မျိုးအေးက နွေစပါးသီးနှံစိုက်ပျိုးရာတွင် သီးနှံအထွက်နှုန်းကောင်းမွန်ရေး လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးရေးနည်းစနစ်များနှင့် သွင်းအားစုပစ္စည်း သုံးစွဲနည်းစနစ်များ၊ စပါးတစ်ဧကအထွက်နှုန်း အပြည့်အဝထွက်ရှိရေးနှင့် စပါးမျိုးစေ့ချကိရိယာ (Seeder)အသုံးပြုရခြင်း၏အကျိုးကျေးဇူးများ၊ အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးကောင်း စပါးမျိုးများဖြစ်သော ဆာဖိုးသာစပါးမျိုး၊ အောင်နိုင်တိုးစပါးမျိုးများအား ရွေးချယ်စိုက်ပျိုးသင့်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး နွေစပါး စိုက်ပျိုးနည်းစနစ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**



## ပုဂံမြို့ လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူ ပူဇော်မည်

**ညောင်ဦး ဇန်နဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ပုဂံမြို့ သီရိပစ္စယာရပ်ရှိ အေဒီ (၁၁)ရာစု၊ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် စွယ်တော် လေးဆူအနက် တစ်ဆူအပါအဝင်ဖြစ်သည့် လောကနန္ဒာ စွယ်တော်မြတ် စေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများထံက သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အေဒီ (၁၁)ရာစု အနော်ရထာမင်းကြီးတည်ထားကိုးကွယ်ခဲ့သည့် ရွှေစည်းခုံစေတီတော်၊ တုရင်တောင်ပေါ်ရှိ တုရင်တောင်စွယ်တော်မြတ်စေတီ၊ ပခုက္ကူမြို့နယ် တန့်ကြည်တောင်ပေါ်ရှိ တန့်ကြည်တောင်စွယ်တော်မြတ်စေတီနှင့် လောကနန္ဒာစွယ်တော်မြတ်စေတီတို့အား တည်ထားကိုးကွယ်ခဲ့ကြောင်း၊ ယခုအခါ လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီးကို လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်မည်ဖြစ်ရာ မြန်မာပြည်အရပ်ရပ်မှ သဒ္ဓါကြည်လင်ပါရမီရှင်အပေါင်းတို့က လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရာတွင် ကိုးလက်မပတ်လည် ရွှေပြားတစ်ချပ်လျှင် ငွေကျပ် ၆၅၀၀၀ ဖြင့် ကုသိုလ်ပြုပါဝင်လှူဒါန်းနိုင်သည်။ ဆက်သွယ်လှူဒါန်းလိုပါက လောကနန္ဒာစွယ်တော်မြတ်စေတီ ဂေါပကတော်ထိန်းဂေါပကအတွင်းရေးမှူး ဦးထင်လင်းဦး ဖုန်း ၀၉-၄၀၂ ၅၀၀၃၈၂၊ ဘဏ္ဍာတော်ထိန်း ဂေါပကရုံး ဖုန်း ၀၉-၂၀၄၂၆၀၉ သို့ဆက်သွယ်၍ KBZ Pay ဖြင့်ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၁)

## ချမ်းမြသာစည်မြို့နယ်စာရေးဆရာအသင်းမှ ကြီးမှူးကျင်းပသော ချမ်းမြစာပေဆု ပြိုင်ပွဲဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

**မန္တလေး ဇန်နဝါရီ ၁၅**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် စာရေးဆရာအသင်းမှ ကြီးမှူးကျင်းပသော ဖိတ်ခေါ် 'ချမ်းမြစာပေဆု' ပြိုင်ပွဲတွင် ဆုရရှိသူများစာရင်းအား ဇန်နဝါရီ ၁၄ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

ချမ်းမြစာပေဆုရွေးချယ်ပွဲတွင် စာမူရွေးချယ်ရေးအဖွဲ့ စာရေးဆရာများဖြစ်ကြသော ဆရာနေဝင်းမြင့်၊ ဆရာမင်းဇော်လှ၊ ဆရာလွတ်လပ်ငြိမ်း၊ ဆရာသန်းစိုးအောင်၊ ဆရာမောင်ဟန်တင့် (ပင်လယ်ဘူး)တို့က စိစစ်ရွေးချယ်ပေးသည်။ 'ချမ်းမြစာပေဆု'အား ပထမဆု သန်းလွင်(ဇရာမြေ)၏ 'ကမ္ဘာကြီးကို ပုခက်လွှဲသောလက်'၊ ဒုတိယဆုကို မောင်အင်း (ဉက္ကံ)'ကင်ဆာ'၊ တတိယဆုကို မင်းအဂ္ဂ(ဆင်တဲဝ)၏ 'မိမိအသက်နှင့်တူသော၊ မျက်စိမျက်ဆံနှင့်တူသော'တို့က အသီးသီး ရရှိကြပြီး 'မှတ်တမ်းဝင်ချမ်းမြစာပေဆု'အား ဇော်မြင့်မိုရ်(မီးရထား)၏ 'နှုတ်၏စေရာ'၊ ထွဋ်အောင်ရဲရင့်၏ 'ကလင်ကလင်ကလင်'၊ ခိုင်ပန်းဝေ(လက်ပံလှ)၏ 'မေတ္တာစံပြနိုင်းတုမမီ'၊ သူ(ငွေဆောင်မြေ)၏ 'စုန်ရေမေတ္တာ'၊ မင်းခသင်း၏ 'စံပယ်ဖြူတစ်ပွင့် လေပူသင့်လေတော့'တို့က ရရှိကြပြီး ဆုရရှိသူများအနေဖြင့် ဖုန်း ၀၉-၂၅၆၁၈၅၉၃၅၊ ၀၉-၇၉၇၁၅၂၅၆၇၊ ၀၉-၇၉၆၄၉၂၈၄၂ သို့ ဆက်သွယ်ကြပါရန် ချမ်းမြသာစည်မြို့နယ် စာရေးဆရာအသင်းက အသိပေးနှိုးဆော်ထားရှိကြောင်း သိရသည်။

(၀၇၀)

## မီးသတ်တပ်ဖွဲ့ဝင်များအတွက် စားသောက်ရေးအဆင်ပြေစေရန် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ပေးအပ်

**ညောင်ဦး ဇန်နဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ မီးသတ်ဦးစီးဌာနရှိ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများအတွက် စားသောက်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ ဇန်နဝါရီ ၁၃ ရက်တွင် မြို့နယ်အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများက ဟင်းသီးဟင်းရွက်များ လာရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူက ပြောသည်။

ထိုသို့ စားသောက်ရေးအဆင်ပြေစေရန်အတွက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ပေးရာတွင် ညောင်ဦးမြို့နယ် အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများအဖွဲ့က မြို့နယ်မီးသတ်ဦးစီးဌာနရှိ မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးအား စားသောက်ရေးအဆင်ပြေစေရန်အတွက် ခြံထွက်မုန်လာဥဖြူများကို စနစ်တကျ ထောက်ပံ့ပေးအပ်ခဲ့သည်။

ညောင်ဦးမြို့နယ်၊ အကျဉ်းဦးစီးဌာနမှဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ မုန်လာဥဖြူ၊ ခရမ်းချဉ် အစရှိသည့် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကာ ပိုလျှံလာသော ဟင်းသီးဟင်းရွက်များကို မိတ်ဖက်ဌာနဆိုင်ရာဝန်ထမ်းများကို ဝေငှထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။



(အပေါ်ပုံ) (၄၄၅)

## အ・ထ・က (စဉ့်ကိုင်)တွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**စဉ့်ကိုင် ဇန်နဝါရီ ၁၅**

ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အ・ထ・က (စဉ့်ကိုင်)တို့ ပူးပေါင်းကာ ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိပညာဗဟုသုတကြွယ်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆွေးနွေးမှုများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာစေရန်၊ မန္တလေးတိုင်းဒေသကြီး စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ဇန်နဝါရီ ၁၄ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

လူငယ်စကားဝိုင်းတွင် အ・ထ・က(စဉ့်ကိုင်)မှ ကျောင်းအုပ်ဆရာမကြီးကိုယ်စား အထက်တန်းပြဆရာမ ဒေါ်ခင်မူက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် ပြင်ပစာပေဗဟုသုတများကို လေ့လာဖတ်ရှုရန်၊ လူငယ်အချင်းချင်း ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများကို ရရှိစေရန်နှင့် စဉ်းစားဉာဏ်နှင့် အတွေးအခေါ်များကို ရရှိစေရန်၊ လူငယ်များ အသိပညာ၊ အတတ်ပညာနှင့် လူ့ကျင့်ဝတ် တန်ဖိုးမြှင့်တင်ပေးရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဆိုတဲ့ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စကားပြောစွမ်းရည်များ ကျွမ်းကျင်စွာ တတ်မြောက်ပြီး လူအများရှေ့တွင် ရဲရဲဝံ့ဝံ့ ပြောဆိုတတ်စေရေးတို့ကို ရည်ရွယ်၍ ယခုလို လူငယ်စကားဝိုင်း ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက Moderator အဖြစ် ဦးဆောင်ဆွေးနွေးခဲ့ပြီး အ・ထ・က (စဉ့်ကိုင်)ကျောင်းမှ Grade-10 ကျောင်းသူ မအေးငြိမ်းသူက 'လူငယ်နှင့်စိတ်ဓာတ်'ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသူ မရွှေယမင်းအောင်က 'လူငယ်နှင့်မူးယစ်ဆေးဝါး' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသား မောင်ရာဇာရဲထက်က 'လူငယ်နှင့်စာပေ'ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade -11 ကျောင်းသား မောင်ဖြိုးမင်းဦးက 'လူငယ်နှင့်စာဖတ်ခြင်းအကျိုး'ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးခဲ့သည့် အကြောင်းအရာများအပေါ် သိရှိလိုသည်များအား မေးမြန်းခဲ့ရာ မြို့နယ်ဦးစီးအရာရှိက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ခန်းမအတွင်း ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၃၉၉)




## (၉)လအတွင်း ရေထွက်ကုန်တင်ပို့မှုမှ ကန်ဒေါ်လာ (၅၂၁)သန်းရရှိထား

ယခု ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်၏ (၉)လတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂၁ သန်း ရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလကုန်အထိ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်း တင်ပို့မှုအနေဖြင့် တန်ချိန် ၄၀၂၃၀၈ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၂၁ သန်း တင်ပို့ထားပြီးဖြစ်သည်။

ပြည်ပသို့ တင်ပို့ရာတွင် ရေကြောင်း၊ လေကြောင်းတင်ပို့မှုမှ တန်ချိန် ၁၉၂၀၀၀ ကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၁၂ သန်းတန်ဖိုး တင်ပို့ထားပြီး နယ်စပ်တင်ပို့မှုအနေဖြင့် မြဝတီ၊ ကော့သောင်း၊ ကျိုင်းတုံ၊ မြိတ်၊ မောတောင်နယ်စပ်ဂိတ်များမှ တင်ပို့သည်။

ပြည်တွင်းမှထွက်ရှိသော ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့် နိုင်ငံပေါင်း ၃၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့ကြောင်း သိရသည်။

(အောက်ပုံ)

ရွှေမန်း



## လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဇမ္ဗူသီရိ ဇန်နဝါရီ ၁၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နီလာစိုးက ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များအနေဖြင့် ဘက်စုံထူးချွန်သော လူရည်ချွန်၊ လူရည်မွန်များဖြစ်လာစေရန်နှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်က အားထားရသည့် လူကောင်း လူတော်များဖြစ်လာစေရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ လူငယ်နှင့်စာဖတ်ခြင်းခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ဟောပြောပွဲအပြီးတွင် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် လူငယ်ရေးရာနှင့်ပတ်သက်သည့် စာအုပ်များ၊ လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် မူးယစ်ဆေးဝါးအသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*-*-*



## လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲများ ကျင်းပ

**မိုင်းဖြတ် ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲများ ပြသခြင်းကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။ (ဝဲပုံ)



ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က အသိပညာပေးဟောပြောပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဗလငါးတန်နှင့် ပြည့်စုံစေရေး၊ ယနေ့ခေတ် လူငယ်များသည် နိုင်ငံ့တာဝန်များကို လက်ဆင့်ကမ်းထမ်းဆောင်ကြမည့် အနာဂတ်ကြယ်ပွင့်များ ဖြစ်ကြပုံများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နန်းကောင်ခမ်းက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတစာပေများကို လေ့လာဖတ်ရှုစေရေး၊ မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်စာပေများကို နေ့စဉ်(အခမဲ့)ငှားရမ်းပေးနေသည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဟောပြောပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များ၊ စာအုပ်ပြပွဲများကို ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**တောင်တွင်းကြီး ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်း ဆပ်ကော်မတီမှ အခမဲ့ထုတ်ဝေသည့် 'ကလေးအလုပ်သမားခိုင်းစေခြင်းအား အတူတကွတိုက်ဖျက်ကြပါစို့' ခေါင်းစဉ်ဖြင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက မြို့မအခြေခံပညာအလယ်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါ လက်ကမ်းစာစောင်တွင် ကလေးအလုပ်သမားဆိုသည်မှာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ(၂၀၁၉ ခုနှစ်) ဥပဒေပုဒ်မ ၁၀၁(ခ)၊ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ရည်မှန်းချက် (၆)ရပ်၊ ကလေးအလုပ်သမား၏ အလုပ်ချိန် ကန့်သတ်ချက်၊ စာသင်ခန်းတွင် ပညာသင်ကြားနေကြရသည့် အရွယ်ကလေးသူငယ်များ စားဝတ်နေရေးအလို့ငှာ လုပ်ငန်းခွင်ထဲသို့ ရောက်ရှိနေကြခြင်းမှာ ကလေး၏အနာဂတ်ကို သာမက နိုင်ငံ၏အနာဂတ်ကိုပါ ထိခိုက်နစ်နာစေသည်။ ကလေး၊ လူရွယ်၊ လူငယ်၏ အဓိပ္ပာယ်ဖော်ပြချက်၊ 'ကလေး' ဆိုသည်မှာ အလုပ်လုပ်ကိုင်ရန် မှတ်ပုံတင်ဆရာဝန်က ခွင့်ပြုသည့် အသက်(၁၄)နှစ်ပြည့်ပြီး အသက်(၁၆)နှစ် မပြည့်သေးသူကို ဆိုလိုသည်။ 'လူရွယ်' ဆိုသည်မှာ အသက်(၁၆)နှစ်ပြည့်ပြီး အသက်(၁၈)နှစ် မပြည့်သေးသူကို ဆိုလိုသည်။ 'လူငယ်' ဆိုသည်မှာ 'ကလေးနှင့် လူရွယ်' ကို ဆိုလိုသည်။



အလွန်အမင်း လေးလံသော ဝန်ချိန်ကို ခိုင်းစေခြင်းကို တားမြစ်ခြင်း၊ ငယ်ရွယ်သော ကလေးများ ကလေးသူငယ်များ ခိုင်းစေခြင်းကို တားမြစ်ခြင်း၊ မှတ်ပုံတင်ဆရာဝန်ထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်း၊ ကလေးများအလုပ်လုပ်သည့် အချိန်သတ်မှတ်ခြင်း၊ ကလေးအလုပ်သမား မှတ်ပုံတင်စာအုပ်ထားရှိခြင်းနှင့် ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် စေခိုင်းခြင်း၊ ပြစ်မှုနှင့်ပြစ်ဒဏ်များစသည်ဖြင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ပညာပေးအချက်အလက်များ စုံလင်စွာပါရှိပြီး အဆိုပါ ပညာပေးလက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မြို့မအခြေခံပညာအလယ်တန်းကျောင်းရှိ ကျောင်းသူ၊ ကျောင်းသားများထံ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

နောင်နောင်(ဗိုသနိုးမြေ)

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## မွေးမေကျေးဇူး အထူးသိစွာ ဝန္ဒနာ

* လူ့ပြည်ဌာန ရောက်ဦးစတွင်
ဦးစွ ရင်ခွင် မွေးမိခင်၏
ရွှေရင်အစုံ ဝမ်းကြာငုံဝယ်
ခိုလှုံပေးနေ မွေးမေမေသည်
ချစ်လေမေတ္တာ မနိုင်းသာ၍
ဆယ်ဖြာလက်စုံ ဦးထိပ်လှူ၏ ။

* မိခင်ဝမ်းကြာ နေစဉ်ခါဝယ်
မာတာမိခင် မေတ္တာယှဉ်၍
ဆင်ခြင်သွားလာ ပူစပ်တာတို့
ဝေးစွာရှောင်ရှား ငဲ့သနားသည့်
ကြီးမားဂုဏ်အင် ကျေးဇူးရှင်ကို
ဆယ်အင်လက်စုံ ဦးထိပ်လှူ၏ ။

* ကိုးလတစ်ဖြာ ဆယ်လကြာ၍
မွေးလာ မီး/သား အစားစားကို
ဖဝါး ပခုံး လက်နှစ်လုံးဟု
ရှေးထုံးအညီ မွေးဖွားသည်မှ
ဂုဏ်ရည်မြင့်မား လူရည်ထွားရန်
ကြိုးစားရန်းကန် စောင့်ရှောက်ပြန်သည့်
သည်းခံရာရာ စွန့်လွှတ်ခါဖြင့်
မာတာမိခင် မေတ္တာရှင်ကို
ဆယ်အင်လက်စုံ ဦးထိပ်လှူ၏ ။

* လူ့ပုံအလယ် လွှန်တင့်တယ်၍
မျိုးနွယ်ဆွေသား ဂုဏ်မြင့်မားအောင်
မျိုးသားဝန်တာ ကျေပွန်ပါသား
မာတာမိခင် မီးအိမ်ရှင်ကို
ဆယ်အင်လက်စုံ ယှက်မိုးလှူပြီး
ခြေစုံပါဒ ဦးနိမ်သ၍
တုပ်ကွရိုကျိုး ကျွန်ရှိခိုးသည်
ကောင်းကျိုးထွေထွေ
ထွန်းတောက်စေသော် ။ ။

ပန်းသစ္စာ(ပုသိမ်ကြီး)



# သတိပြုဖွယ် သတင်းနယ်ပယ်(၁၂)

နိုင်ဗလ

ယနေ့ခေတ်ကမ္ဘာကြီးကို လှမ်းမျှော်ကြည့်ရှုလိုက်ပါက ငြိမ်းချမ်းတည်ငြိမ်ခြင်း၊ အေးချမ်းသာယာခြင်းဆိုသည်ထက် သဘာဝဘေးအန္တရာယ်ဆိုးများဖြစ်သည့် ပြင်းထန်သော လေမုန်တိုင်းတိုက်ခြင်း၊ ရေကြီးရေလျှံခြင်း၊ မီးလောင်ခြင်း၊ မတော်တဆမှုများဖြစ်ခြင်း၊ အကြမ်းဖက်မှုများ၊ လူကုန်ကူးမှုများ၊ စစ်မက်ဖြစ်ပွားမှုများ၊ ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးပဋိပက္ခများဖြင့် လူသားတို့၏ မောပန်းကြီးစွာ လှုပ်ရှားရုန်းကန်နေရမှုကို မီဒီယာများဖြစ်သော သတင်းစာ၊ ဂျာနယ်၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်တို့မှ အချိန်မပြတ် တရစပ် ရှုမြင်နေရပေသည်။ လူအများစုသည် နံနက်လင်းသည်နှင့် မီဒီယာတစ်ခုခုကို အလျင်ဦးစွာ လေ့လာ ကြည့်ရှုလေ့ရှိကြသည်ကို တွေ့ရသည်။ ထို့ကြောင့် ယနေ့ခေတ်ကို 'သတင်းဖြင့် နိုးထသောခေတ်' ဟုပင် တင်စားပြောဆို၍ ရသည်ဟု ဆိုရပေမည်။

သတင်းဖြင့် နိုးထသောခေတ်ဖြစ်သဖြင့် လူအများစုသည် နံနက်လင်းသည်နှင့် ကမ္ဘာတစ်ဝန်းမှ အဖြစ်အပျက်သတင်းစကားတချို့ကို အွန်လိုင်းမီဒီယာမှတစ်ဆင့် အမြည်းသဘောလေ့လာကြည့်ရှုထားပြီး ထိုမှနှင့် မတင်းတိမ်သေး ပရင့်မီဒီယာဖြစ်သော သတင်းစာ၊ ဂျာနယ်တို့ကို စောင့်ဖတ်၍ မိမိသိထားသည်များကို အတည်ပြု၊ သုံးသပ်တတ်ကြသည်။ ပရင့်မီဒီယာသည် လက်ဆုပ်လက်ကိုင် မီဒီယာဖြစ်ပြီး ယုံကြည်စိတ်ချစွာဖတ်ရှုရသောကြောင့် လက်မလွှတ်နိုင်သေးခြင်း ဖြစ်သည်။ အွန်လိုင်းမီဒီယာမှာမူ သတင်းဦးများ ရတတ်သည်မှန်သော်လည်း လူတိုင်းသတင်းစကားဖြန့်ဝေရာ နေရာဖြစ်သောကြောင့် ယုံကြည်ရမှုရာခိုင်နှုန်းမှာ အားနည်းသည်ကို တွေ့ရသည်။

'သတင်းစာသည် ခေတ်ကို မတိမ်းစောင်းရအောင် တည့်မတ်ပေးသည်။ သတင်းစာသည် လူ့ဘောင်အား တရားမျှတမှု ကြီးစိုးစေရေးအတွက် အရေးပါသည်။ လူ့ဘောင်ကို ယဉ်ကျေးသော လူ့အဖွဲ့အစည်းဖြစ်အောင် ပြုပြင်ပေးသောအရာဖြစ်သည်။ နေချင့်စဖွယ် မကောင်းသောအရပ်က နေချင့်စဖွယ်ကောင်းသော အရပ်ဖြစ်အောင် သတင်းစာက ဆောင်ကျဉ်းပေးသည်။ သတင်းစာသည် ယဉ်ကျေးမှုဖြစ်သည်။ သတင်းစာသည် လူ့အသိတရားဖြစ်သည်။ အသိတရားသည် လူ့တန်ဖိုးဖြစ်သည်'ဟု သတင်းစာဆရာကြီးများက ဆိုခဲ့ကြသည်။ သို့သော် ယနေ့ခေတ်တွင် သတင်းစီးဆင်းမှုအလျင်မြန်လွန်းသောကြောင့် သတင်းများတွင် သတင်းတု၊ သတင်းယောင်၊ သတင်းမှားများ များပြားစွာရောနှောပါဝင်နေသည်ကို သတိပြုရပေမည်။ မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့်စာလျှင် ဒီဂျစ်တယ်နည်းပညာတတ်မြောက်မှုအားနည်းသော နိုင်ငံဖြစ်သည်။ ထိုဒစ်ဂျစ်တယ်နည်းပညာအားနည်းမှုကို အခွင့်ကောင်းယူ၍ မိမိနိုင်ငံအား လွှမ်းမိုးချုပ်ကိုင်လိုသော နိုင်ငံကြီးများ၊ နိုင်ငံတွင်းမှ အဖျက်အမှောင့်လုပ်ကိုင်နေသော အဖွဲ့အစည်းများက သတင်းတု၊ သတင်းမှားများကို ဖြန့်ချိ၍ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် အခြားသော ဘက်ပေါင်းစုံအရေးများတွင် လွှမ်းမိုးချုပ်ကိုင်နိုင်အောင် လုပ်ဆောင်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုကဲ့သို့ သတင်းတု၊ သတင်းယောင်၊ သတင်းမှားများကို သတင်းမှန်တွင် ရောနှောဖြန့်ချိ၍ လွှမ်းမိုးနိုင်အောင် လုပ်ဆောင်သော နည်းစနစ်ကို 'ဆိုက်ဝါး'နည်းစနစ်ဟု ခေါ်သည်။ Psychological Warfare စိတ်ဓာတ်စစ်ဆင်ရေးဆိုသော စကားကို ဆိုက်ဝါးဟုသာ သုံးလေ့ရှိသည်။ ဆိုက်ဝါး(သို့မဟုတ်)စိတ်ဓာတ်စစ်ဆင်ရေးဆိုသည်မှာ နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးရည်ရွယ်ချက်များ ပြည့်မီစေရန် ပစ်မှတ်ထားသော လူအုပ်စုကို ဝါဒဖြန့်ခြင်းနှင့် စိတ်ပညာဆိုင်ရာလွှမ်းမိုးချုပ်ကိုင်မှုများအသုံးပြုခြင်းပင်ဖြစ်သည်။ ဆိုက်ဝါးထည့်သော နည်းပညာသည် လူသားတို့၏ ရှည်လျားလှသော သမိုင်းတွင် တစ်စိတ်တစ်ပိုင်းအဖြစ် အမြဲပါဝင်နေသော်လည်း သတိပြုနိုင်သူ နည်းပါးပြီး သီးခြားလေ့လာ သုတေသနပြုအသုံးချသူတို့သာ တွေ့မြင် သိရှိလိုက်နာ၊ ကျင့်သုံး၊ အသုံးချနိုင်ခဲ့သည်ကို တွေ့ရသည်။

**ခေတ်မီတိုးတက်အင်အားကြီးမားသော နိုင်ငံကြီးများသည် အခြားနိုင်ငံများအပေါ် ဩဇာလွှမ်းမိုး၊ ချုပ်ကိုင်၊ သိမ်းသွင်း၊ ကိုလိုနီပြုနိုင်ရန်အတွက် ထိုနိုင်ငံငယ်များ၏ တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ လူမှုရေးနှင့် ဓလေ့ထုံးစံ၊ စိတ်ဓာတ်တို့ကို အသေးစိတ်လေ့လာပြီး ထိုရရှိလာသော အချက်အလက်များကို အသုံးပြု၍ ဆိုက်ဝါးဖြင့် ဦးစွာတိုက်ခိုက်လွှမ်းမိုးမှုယူပြီးမှသာ ကျန် အစီအစဉ်များ ဆက်လက်ဆောင်ရွက်လေ့ရှိကြောင်း သိရှိကြပြီးဖြစ်သည်။ ထိုသို့ လေ့လာကြည့်ရာ ဘာသာရေးမစ်ရှင်၊ လူမှုကူညီရေးစသည့် ပုံစံအမျိုးမျိုးဖြင့် အသုံးပြုဝင်ရောက်လာလေ့ရှိသည်။ ယနေ့ခေတ်တွင်မူ ကွန်ပျူတာ၊ အင်တာနက်ခေတ်ဖြစ်သောကြောင့် နေရာမရွေး၊ အချိန်မရွေး၊ ဒေသမရွေး ဆိုက်ဝါးထည့်ရန် လွယ်ကူနေကြောင်း သတိချပ်ရမည်ဖြစ်သည်။ ကွန်ပျူတာ၊ အင်တာနက်များ ပေါ်ပေါက်လာခြင်းသည်လည်း ဆိုက်ဝါးထည့်သူတို့အတွက် အဆတစ်ရာမက ပိုမိုလွယ်ကူ လျင်မြန်စေသော အချက်ပင်ဖြစ်သည်။**

အထူးလေ့လာပြုစုထားသော ဆိုက်ဝါးပရိုဂရမ်များကို လူ့အဖွဲ့အစည်း၏ နေရာတိုင်းတွင် အသုံးပြုနေသည်ကို သတိချပ်ရမည်ဖြစ်ပေသည်။ စီးပွားရေး၊ လူမှုရေး၊ ကုမ္ပဏီ၊ ဝန်ထမ်းနယ်ပယ်၊ နိုင်ငံရေးသမားနယ်ပယ်အားလုံးတွင် ဆိုက်ဝါးပရိုဂရမ်များနှင့် မကင်းကွာသည်ကိုလည်း သိထားရမည်ဖြစ်သည်။ သာမန်ဘဝများသည် ဆိုက်ဝါးထည့်ရန် အလွယ်ကူဆုံးဖြစ်နေတတ်သည်။ အဆင့်အတန်းမျိုးစုံသည်လည်း ဆိုက်ဝါးထည့်ခြင်းတွင် အသားကျနေပြီဖြစ်သည်။ ဆိုက်ဝါးပညာရပ်ကို နယ်ပယ်စုံတွင် သုံးနေသော်လည်း အဓိကအားဖြင့် စစ်ဘက်ဆိုင်ရာတွင် အသုံးပြုနေသည်ကိုသာ သတိပြုမိတတ်ကြသည်။ စိတ်ပိုင်းဆိုင်ရာ တိုက်ခိုက်ခြင်း၊ ဆိုက်ဝါးပြုလုပ်ခြင်း၏ အဓိပ္ပာယ်မှာ အခြားတစ်ဖက်၏ စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုကို လွှမ်းမိုးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းပင်ဖြစ်သည်။ ဆိုက်ဝါးလုပ်သူ၏ လိုလားရည်ရွယ်ချက်များ ပြည့်မြောက်အောင် စရိုက်နှင့်အလေ့အထများ၊ အတွေးအခေါ်အယူအဆများကို ပစ်မှတ်သတ်မှတ်ခံရသူ လိုက်နာခွင့်ပြုလာစေရန် ဆိုက်ဝါးကို သုံးကြသည်။ ထိုအထဲတွင် အတုအယောင်ဗျူဟာတချို့နှင့် ယုံကြည်မှု (ယခင်ယုံကြည်ခဲ့မှု)များ ပျက်ပြားစေရန်အတွက် သုံးခြင်းဖြစ်သည်။ ယနေ့ခေတ် အခြေအနေကို ကြည့်လျှင် အင်တာနက်မှ သတင်းတု၊ သတင်းမှားများ ဖန်တီးခြင်းဖြင့် စစ်ပွဲအမြောက်အမြားကို ဖန်တီးကာ ကမ္ဘာအနှံ့အပြားတွင် ဆိုက်ဝါးဖြင့် ကြိုးကိုင်ခြယ်လှယ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ကြီးကျယ်သော ဆိုက်ဝါးတစ်ခု ဖန်တီးဆင်နွှဲရန် လူအများအပြား လိုအပ်သည်။ ထိုအစုအဖွဲ့မှ လျှို့ဝှက်ကြံစည်ခြင်း Conspiracy ဖြစ်ပေါ်လာသည်။ ထိုစနစ်မှာ၊ ထိုစကားလုံးမှာ စစ်မြေပြင်မှ ပေါ်ပေါက်လာသည်ဟု ဆိုသည်။ Conspiracy Theorist လျှို့ဝှက်ကြံစည်သူများက ဆိုက်ဝါးကို ဖန်တီးကြသည်။ တစ်ဖက်(သို့မဟုတ်) ရန်သူ၏ စိတ်အခြေအနေကို ကစားခြင်းပင်ဖြစ်သည်။ **ကမ္ဘာကျော် တရုတ်စစ်သူကြီး ဆွန်ဇူး၏ သေနင်္ဂဗျူဟာစစ်ပညာကို ယခုခေတ်တွင် စစ်ရေးသာမက နိုင်ငံရေး၊ စီးပွားရေးတို့တွင်ပါ အသွင်ပြောင်းသုံးစွဲနေကြသည်ကို တွေ့ရပေသည်။ စစ်သူကြီး ဆွန်ဇူးစစ်တိုက်ရာတွင် စိတ် ပညာဆိုင်ရာ ဆိုက်ဝါးများပါ ထည့်၍ သုံးထားသောကြောင့် ထင် ရှားရခြင်းဖြစ်သည်။ မြင်သာအောင် ပြဆိုရလျှင် 'ထိုးစစ်ဆင်နိုင်တဲ့အခါ ထိုးစစ်မဆင်နိုင်သလိုနေပါ'ဟူသော အဆိုတွင် ရန်သူက အထင်သေးပြီး အဆင်သင့်မပြင်နိုင်သော မပြင်သေးသော အခြေအနေကို (ဆိုက်ဝါးဖြင့်) ဖန်တီးပြီးမှ အနိုင်ယူသော အခြေအနေမျိုးဖြစ်သည်။** ယခုအခါ ထိုနည်းစနစ်ကို စစ်ရေးသာမက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင်ပါ အသုံးချနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ နောက်ထပ် စကားတစ်ခွန်းမှာလည်း နိုင်ငံရေး၊ စီးပွားရေးတို့တွင် အသုံးချနေသော ရှေးဟောင်းကျမ်းများ၏ ဆိုက်ဝါးနည်းဖြစ်သည်။ 'အင်အားသုံးမယ်ဆိုလျှင် အင်အားမရှိသလိုပြုမူပါ'ဟူသော စကားဖြစ်သည်။ စီးပွားရေးလုပ်သူကလည်း ပြိုင်ဘက်စီးပွားရေးသမားကို ယှဉ်ပြိုင်တိုက်ခိုက်ရန် ထိုအဆိုအတိုင်း ပြုလုပ်လေ့ရှိသည်။

သမိုင်းတွင် ထင်ရှားကျော်ကြားအောင်မြင်ခဲ့သော မီဒီယာကို အသုံးပြု၍ ဆိုက်ဝါးဖြင့် အောင်မြင်ခဲ့သော သာဓကများရှိခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စု၌ ကျောင်းနှင့်လူငယ်အဖွဲ့အစည်းများတွင် အသက် ၁၀နှစ်မှ ၁၅နှစ်အတွင်း ကလေးငယ်များအတွက် လူငယ်ခွန့်စားသူအစီအစဉ်များ ပြုလုပ်ပြီး ဆိုရှယ်လစ်စနစ်ကို ထိန်းသိမ်းရန် သင်ကြားပေးခဲ့သည်။ (ယခုခေတ် ကင်းထောက်ကဲ့သို့ အဖွဲ့မျိုး)။ ရထားပေါ်တွင် ပုံနှိပ်ထုတ်ဝေရေး စာစောင်၊ ရုပ်ရှင်ပြသရေးကိရိယာ၊ ရေဒီယိုနှင့် စကားပြောကောင်းသော ဟောပြောသူများ ပါဝင်နေသော ဝါဒဖြန့်ချိရေး ရထားအသုံးပြုခွင့်ပေးခဲ့သည်။ ရုရှားလူထုအတွက် ကွန်မြူနစ်အတွေးအခေါ်ပါသည့် သတင်းစာများသာ ထုတ်ဝေဖြန့်ချိပေးခဲ့သည်။ ထို့ကြောင့်ပင် ကွန်မြူနစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။ ဂျာမနီနိုင်ငံတွင် ဟစ်တလာခေတ်က နာဇီပါတီထိခိုက်စေမည့် အချက်အလက်များ ထုတ်ပြန်ခြင်းမပြုရန်နှင့် ဝါဒဖြန့်ရုပ်ရှင်ဇာတ်ကားများအား ထုတ်လုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ပြီး အရေးကြီးသောပြဿနာများနှင့် ဆောင်ရွက်ရမည့်တာဝန်များအား ရုပ်ရှင်အတွင်း ဇာတ်လမ်းဆင် ရိုက်ကူးပြီး တစ်နိုင်ငံလုံး၏ စိတ်တွင်းသက်ဝင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ မီဒီယာနှင့် အနုပညာပေါင်းစပ်၍ စည်းရုံးခဲ့ခြင်းဖြစ်သည်။ နိုင်ငံရေးမဲဆွယ်ရာတွင်လည်း ဆိုက်ဝါးနည်းလမ်းများစွာကို သုံးစွဲကြကြောင်း အမေရိကန်သမ္မတရွေးကောက်ပွဲ မဲဆွယ်ခြင်းနှင့် အခြားနိုင်ငံရေးမဲဆွယ်နည်းများကို ကြည့်လျှင်သိနိုင်သည်။ လူအများထံမှ မဲများရရှိရေးအတွက် မဲချူရန် စိတ်ပညာဆိုက်ဝါး နည်းများစွာ သုံးခဲ့သည်။ **လူသိများ ထင်ရှားသူရဲ့ ပုံရိပ်နှင့် လူသိများ အနုပညာလက်ရာ၊ အနုပညာရှင်များကို အသုံးပြု မဲဆွယ်ခြင်း**ကို လုပ်လေ့လုပ်ထရှိသည်။ ဥပမာအားဖြင့် အမေရိကန်တွင် အိုင်ဆင်ဟောင်ဝါ၏ မဲဆွယ်ကမ်ပိန်းတွင် နားရည်ဝလွယ်သော သီချင်းကို သုံးခဲ့သည်။ ၁၉၆၀ ပြည့်နှစ်၌ ဂျွန်အက်ဖ်ကနေဒီကလည်း သူ၏ ကမ်ပိန်းတွင် နားရည်ဝလွယ်သော သီချင်းအသုံးပြုခဲ့သည်။ **ပေါ်ပင်လိုက် အသုံးပြုစနစ်** မှာ လူတော်တော်များများ သဘောကျပြီး ပါဝင်လာသည်ဟု ခံစားရစေသော နည်းဖြစ်သည်။ ထိုစနစ်က လူထု၏ ပါဝင်လိုသော ဆန္ဒကို ပစ်မှတ်ထားသည်။ **ရည်ညွှန်းထောက်ခံနည်းစနစ်**ကို ထောက်ခံအားပေးခြင်းစနစ် ဟုလည်း ဆိုကြသေးသည်။ ရွေးကောက်ပွဲဝင်သူတစ်ယောက်ကို ထောက်ခံပြောဆိုရာတွင် နိုင်ငံရေးဝေဖန်သူ၊ သတင်းဌာန၊ နာမည်ကြီး အားကစားသမားများ၊ နာမည်ကြီးအနုပညာရှင်များကို ပါဝင်စေခြင်းဖြစ်သည်။ **သင်္ကေတဝါဒနည်းစနစ်**တွင် ရွေးကောက်ပွဲဝင်သူသည် သူ့ရဲ့ကောင်းဆန်မှုရယူလို၍ လူအများ၏ စိတ်ခံစားချက်ကို ရောမွှေရန် လူသိများထင်ရှားသော သင်္ကေတမှန်သမျှအသုံးပြုနည်းဖြစ်သည်။ **ယေဘူယျဆန်သော အဆိုအမိန့်ဆောင်ပုဒ်**တို့ကိုလည်း သုံးသည်။လူထုကိုလွှမ်းမိုးနိုင်ရန် တိကျပြတ်သားမှုမရှိသော စကားလုံး၊ စကားစုများ အသုံးပြုပြီး အဆိုအမိန့်တစ်ခုပြုလုပ်ခြင်းဖြစ်သည်။ ထိုအဆိုအမိန့်သည် တိကျမှုမရှိသော်လည်း လူထုစိတ်နှလုံးသိမ်းကြုံးနိုင်ရန်နှင့် အပြုသဘောသက်ရောက်မှုရှိအောင် သုံးခြင်းဖြစ်သည်။ **သာမန်ပြည်သူလို နေပြခြင်းနည်း**သည် နိုင်ငံရေးသမားများက လမ်းပေါ်မှ လူများကို မဲဆွယ်ရာတွင် သုံးသည်။ နိုင်ငံရေးသမားတို့သည် သာမန်ပြည်သူတစ်ယောက်ကို မည်သို့ဆက်ဆံစည်းရုံးရမည်ဆိုသည်ကို သိသည်။ **အောင်မြင်မှုများပြသခြင်း**ဟူသော ဝါဒဖြန့်မှုမှာ အပျက်အစီးဆုံးရှုံးမှုကြီးမားသောနည်းဖြစ် သည်။ မဲဆွယ်သူက ၎င်း၏ရှုံးနိမ့်မှုကို လုံးဝမဖော်ပြဘဲ သူ၏ ပုဂ္ဂိုလ်ရေးအောင်မြင်မှုဂုဏ်ဒြပ်များကိုပဲ ဖော်ပြတတ်သည်။ အခြေအနေတစ်ခုရောက်လျှင် ပြိုင်ဘက်၏ အောင်မြင်မှုကို ဖျက်ဆီး၍ သူတို့အမည်ကို ဆွဲတင်တတ်သည်။ **မီဒီယာ၏ ကြိုးကိုင်ခြယ်လှယ်မှုများနှင့် မသိမသာ လွှမ်းမိုးမှုသုံးခြင်း**၊ မီဒီယာဖြင့် လွှမ်းမိုးခြင်းမျိုး ဖြစ်သည်။ လူမှုကွန်ရက်မီဒီယာများတွင် တွေ့ရသည်။ ဝီကီပီးဒီးယား၏ ဖွင့်ဆိုချက်အရ မီဒီယာများ၏ ကြိုးကိုင်ခြယ်လှယ်ခြင်းမှာ ဘက်လိုက်သူတစ်ဦးက သူ၏အကျိုးစီးပွားဦးစားပေးပုံရိပ် နှင့် သဘောကွဲမှုတို့ဖန်တီးပြခြင်းဖြစ်သည်။ မီဒီယာမှ မသိမသာ ဝါဒဖြန့်ခြင်းသည်လည်း မဲဆွယ်မှုအကျိုး ကြီးမားသည်။

သတင်းစာသည်လည်းကောင်း၊ အွန်လိုင်းမီဒီယာသည်လည်းကောင်း၊ ဂျာနယ်များသည်လည်းကောင်း၊ သတင်းအချက်အလက်ပေးသည်ခြင်း တူသော်လည်း ဂုဏ်သိက္ခာရှိသတင်းစာနှင့် မီဒီယာတို့သည် လူထု၏ ယုံကြည်မှုရပြီးဖြစ်သည်။ သတင်းအချက်အလက်အားလုံး၏ နောက်ဆုံးအရင်းအမြစ်ဖြစ်သဖြင့် လူအများယုံကြည်ကြသည်။ မီဒီယာကို အသုံးချ၍ လူထုကို ကြိုးကိုင်မှုခြယ်လှယ်မှုကို နားလည်ရမည်ဖြစ်သည်။ သတင်းနယ်ပယ်သားတို့သည် သတင်းပေါင်းစုံကို စုစည်းတင်ပြနေရသူများဖြစ်သဖြင့် နိုင်ငံတကာသတင်းဌာနများကို အမီလိုက်နိုင်ရန် သတင်းပညာရပ်များအပြင် စိတ်ပညာ၊ ဆိုက်ဝါးနှင့် ဆိုက်ဝါးထက်မြင့်သည်ဟုဆိုရမည့် ဆိုက်အော့ Psyop(ဆိုက်အော့သည် တိုက်ခိုက်ရန် အချိန်ကိုက်လုပ်ဆောင်သော စစ်နည်းဗျူဟာတစ်မျိုး)တို့ကို လေ့လာသိရှိထားရန် လိုအပ်ပေသည်။ အပြုသဘောဆောင်သော သတင်းမီဒီယာသမား၊ သတင်းစာဆရာကောင်းဖြစ်ရန် လေ့လာသင်ယူထားရမည့် သတိပြုရမည့်အချက်များလှသည်။ မက်ခီယာဗယ်လီဆီဆိုသော ရီနေ့ဆန့်ခေတ်က တွေးခေါ်ရှင် နိုင်ငံရေးပညာရှင်တစ်ဦးက 'လူကောင်းတွေက နောက်ဆုံးမှ ပန်းဝင်တယ်'ဟုဆိုထားသည့် သတိပြုရမည့်အဆိုဖြစ်ကြောင်း The Art Of Psychological နှင့် ဆွန်ဇူး၏ သေနင်္ဂဗျူဟာစစ်ပညာ၊ နိုင်ငံရေးသိပ္ပံပညာတို့မှ ကိုးကား၍ သတိပြုဖွယ် သတင်းနယ်ပယ်ကို ရေးသားလိုက်ရပေသည်။

## စာကြည့်တိုက်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အောင်ပွဲ မြန်မာ့ရိုးရာ ခြင်းအလှခတ်ပွဲများနှင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိ

**တောင်တွင်းကြီး ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့၊ မောင်းတိုင် (၂)ရပ်ကွက်ရှိ လောကတက္ကသိုလ် စာကြည့်တိုက် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဇန်နဝါရီ ၁၄ ရက် ညနေ ၄ နာရီက အဆိုပါ စာကြည့်တိုက်ရှိ ကွင်းပြင်၌ မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲများနှင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိသည်။



အဆိုပါ လောကတက္ကသိုလ် စာကြည့်တိုက်အား မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဇန်နဝါရီ ၁၁ ရက်က တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ခွဲဝေပေးသည့် ငွေကျပ် သိန်း ၁၅၀ နှင့် ဒေသခံပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ် ၂၅၁ သိန်း၊ စုစုပေါင်းငွေကျပ် သိန်း ၄၀၀ ကျော်ဖြင့် တည်ဆောက်ပြီးစီးခဲ့ရာ ယခုအခါ လောကတက္ကသိုလ်စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အောင်ပွဲ အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာ ခြင်းအလှခတ်ပွဲများနှင့် စတုဒိသာ မုန့်ဟင်းခါး ကျွေးမွေးလှူဒါန်းခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

**နောင်နောင် (ဗိဿနိုးမြေ)**



## (၉၃၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ညောင်ဦး ဇန်နဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားကြီး၏ (၉၃၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းမှ စတင်၍ လှူဒါန်းထားသည့် ဆွမ်းသပိတ်လုံးများအား ရေစက်သွန်းချ အမျှအတန်းပေးဝေကာ မြန်မာပြည်အရပ်ရပ်မှ လှူဒါန်းထားရှိသည့် ဆွမ်းသပိတ်လုံးများအား သံဃာတော် ၃၂၀ ပါးတို့အား လောင်းလှူပူဇော်ခဲ့သည်။

အာနန္ဒာဘုရားကြီးသည် ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ်အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိခဲ့ကာ ဆယ့်နှစ်ပွဲဈေးသည်များ စုံလင်စွာ လာရောက် ရောင်းချခြင်း၊ ဒေသခံဈေးသည်များမှ ဒေသထွက် ယွန်းထည်ပစ္စည်းများ ရောင်းချခြင်းနှင့် ဈေးရောင်း၊ ဈေးဝယ် အလွန်စည်ကားသော ဘုရားပွဲတော်ဖြစ်သည်။ တစ်လကျော်ကြာအောင် ကျင်းပသည့် ပွဲတော်ဖြစ်ပြီး ယခုနှစ်တွင် အစဉ်အလာမပျက် မြန်မာပြည်အရပ်ရပ်မှ လှူဒါန်းထားရှိသည့် ဆွမ်းသပိတ်လုံး ၂၂၀၀ ကျော်တို့အား လောင်းလှူပူဇော်ခဲ့သည်။

အာနန္ဒာမြတ်စွာဘုရားကြီး၏ (၉၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်သို့ မြန်မာပြည်အရပ်ရပ်မှ ပြည်တွင်းဘုရားဖူးများ၊ ပြည်ပနိုင်ငံသားများ လာရောက်သူ များပြားလျက်ရှိပြီး ဘုရားပရိဝုဏ်အတွင်း ပြည့်ကျပ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၁)

## မန်းရွှေစက်တော်ဘုရားပွဲတော်ကာလ ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းကို ဖွင့်လှစ်သွားမည်

**မင်းဘူး ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်၊ မန်းရွှေစက်တော်ဘုရားကြီး အနီးရှိ ရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်းကို မန်းရွှေစက်တော်ဘုရားပွဲတော်နှင့်အတူ တစ်ဆက်တည်း ဖွင့်လှစ်သွားမည်ကြောင်း အဆိုပါ ဆင်စခန်း တာဝန်ခံထံက သိရသည်။

ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းကို မန်းရွှေစက်တော်ဘုရားကြီးအနီး ပဒေါင်း-ပျော်ဘွယ် ကြိုးပြင်ကာကွယ်တောအတွင်း၌ သဘာဝ တောတောင်ရေမြေနှင့် စိမ်းစိုသာယာလှပသော သဘာဝ ရှုခင်းအလှများကို အခြေခံ၍ မြန်မာ့သစ်လုပ်ငန်း၊ မင်းဘူးသစ်ထုတ်ရေးဒေသ၊ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်းမှ ပြည်တွင်း၊ ပြည်ပခရီးသွားများအား ဆွဲဆောင်နိုင်စေရန်၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်နှင့် အစိမ်းရောင်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ထားကြောင်း၊ ယခုနှစ် မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်အထိ (တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ) ရက်ပေါင်း ၇၅ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

(အောက်ပုံ)

"ဆင်စခန်းကို ယခုလက်ရှိမှာလည်း အဆက်မပြတ်ဖွင့်လှစ်ထားပြီး လာရောက် အပန်းဖြေလည်ပတ်တဲ့သူတွေကို ခရီးသွားဝန်ဆောင်မှုလုပ်ငန်းအားလုံး ဆောင်ရွက်ပေးနိုင်ရန်၊ ခရီးတိုဆင်စီးရင် တောတောင်ရေမြေနဲ့ စိမ်းစိုသာယာလှပတဲ့ သဘာဝရှုခင်းအလှတွေကို ကြည့်ရှုခံစားနိုင်စေရန်နဲ့ မန်းချောင်းဘေး ဆင်များနှင့်အတူ ရေချိုးရင်းအပန်းဖြေအနားယူနိုင်စေဖို့အတွက် ယာယီတဲတား၊ တည်းကျောင်းနဲ့ အလှဆင်တာတွေကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နေပါတယ်။ ဒီနှစ်မှာ ဆင်စခန်းကို အဆင့်မြှင့်တင်မှုလုပ်ငန်းအနေနဲ့ (Elephant Show) ပွဲကြည့်စင်အသစ် တစ်ဆောင်ကို မန်းချောင်းအတွင်း ထပ်မံတိုးချဲ့ဆောက်လုပ်ထားပြီးတော့ ဒီနှစ်မှာလည်း ဆင်လိမ္မာလေးတွေနဲ့အတူ ထူးခြားတဲ့ ဖျော်ဖြေတင်ဆက်မှုတွေ လုပ်ဆောင်သွားမှာပါ။ ဒါ့အပြင် VIP တည်းခိုဆောင်အသစ်နှစ်လုံးကိုလည်း ထပ်မံတိုးချဲ့ဆောက်လုပ်ထားပြီးတော့ ဆင်စခန်းကို လာရောက်လည်ပတ်သူတွေ သွားလာရေး လွယ်ကူချောမွေ့အဆင်ပြေစေဖို့ ဆင်စခန်းအဝင်လမ်းကို တိုးချဲ့ပြုပြင်ပြီး ကွန်ကရစ်လမ်းအဖြစ် ပေ ၁၉၀၀ အထိ ဆောင်ရွက်ထားပါတယ်"ဟု ဆင်စခန်း တာဝန်ခံက ပြောသည်။

အဆိုပါ ဆင်စခန်းကို နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ သတ်မှတ်ထားကာ ဆင်စခန်းရှိ တည်းခိုဆောင်များ၌ ညအိပ်တည်းခိုနားနေနိုင်ကြောင်း၊ ဆင်စခန်းတွင် ဆင်ထီး (၅) ကောင်၊ ဆင်မ (၈) ကောင်၊ စုစုပေါင်း ဆင်(၁၃) ကောင်ရှိပြီး ပြည်တွင်းခရီးသွားတစ်ဦးလျှင် ဆင်စခန်း ဝင်ကြေးငွေကျပ် ၁၀၀၀ နှင့် ခရီးတို ဆင်စီးခ ငွေကျပ် ၅၀၀၀၊ ပြည်ပနိုင်ငံခြားသားတစ်ဦးလျှင် ဝင်ကြေးငွေကျပ် ၁၀၀၀၀နှင့် ခရီးတိုဆင်စီးခ ငွေကျပ် ၁၀၀၀၀၊ တည်းခိုဆောင်အနေဖြင့် VIP တည်းခိုဆောင် ၄ လုံးနှင့် ဘန်ဂလို ၁၁ လုံးရှိပြီး ဘန်ဂလိုတည်းခိုဆောင်တစ်လုံးအတွက် တစ်ရက်လျှင် ငှားရမ်းခ ငွေကျပ် ၄၀၀၀၀ နှင့် VIP တည်းခိုဆောင်တစ်လုံးအတွက် တစ်ရက်လျှင် ငှားရမ်းခ ငွေကျပ် ၇၀၀၀၀ တို့ဖြင့် အသီးသီးသတ်မှတ်ထားကြောင်း၊ ထို့ပြင် ဆင်စာဘူဖေးကို မိမိတို့ တတ်နိုင်သောနှုန်းထားဖြင့် ဆင်စာများ ဝယ်ယူကျွေးမွေးလှူဒါန်းနိုင်သည်။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်း အပါအဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန၊ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်း Elephant Conservation Based Tourism (ECBT) စခန်း(၂၂)ခုကို ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

(၅၀၀)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝဓာတ်မြေဩဇာ ထုတ်လုပ်နည်းသင်တန်း ဖွင့်လှစ်

**တာလေ ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့တွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေမိသားစုတို့ လူမှုစီးပွားဘဝ တိုးတက်ရေး အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝဓာတ်မြေဩဇာ ထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၁ နာရီက နားယောင်းကျေးရွာအုပ်စု၊ တာကြန့်ကျေးရွာရှိ ကျေးရွာခန်းမဆောင်တွင် ကျင်းပသည်။



ရှေးဦးစွာ တာလေမြို့အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး တာချီလိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်အမာလွင်က အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့လှဲ့သင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် တာလေမြို့ အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တက်ရောက်လာကြသော သင်တန်းသား၊ သင်တန်းသူများအား သင်ထောက်ကူပြုပစ္စည်းများ ပေးအပ်ခဲ့ပြီး တာချီလိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးရွှေဟုန်တန်က သဘာဝမြေဩဇာ၏ အကျိုးအာနိသင်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး ပြုလုပ်ပုံနည်းအဆင့်ဆင့်ကို သရုပ်ဖော် ပြသသင်ကြားပေးခဲ့သည်။

အဆိုပါ သင်တန်းကို ဒေသခံပြည်သူ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၀ ဦး တက်ရောက်လျက်ရှိကြောင်း တာဝန်ရှိသူများထံက သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ

# မြန်မာနိုင်ငံ၏ စတုတ္ထမြောက် DTH ရုပ်သံလိုင်း MYANSAT ထုတ်လွှင့်မှု စတင်ဖွင့်လှစ်ခြင်းအခမ်းအနား ကျင်းပ





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ Borderless Broadcast Co.,Ltd. CEO နှင့် Lao Asia Pacific Satellite Co.,Ltd. မှ Deputy CEO တို့က MYANSAT DTH ရုပ်သံလိုင်းထုတ်လွှင့်မှုကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ၏ စတုတ္ထမြောက် DTH ရုပ်သံလိုင်းအသစ်ဖြစ်သည့် MYANSAT DTH ရုပ်သံလိုင်း ထုတ်လွှင့်မှု စတင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း နှင့်ဇနီး၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အနုပညာရှင်များ တက်ရောက်ကြသည်။

## ကြည့်ရှုအားပေး

ဦးစွာ ပင်မအဆောက်အအုံရှိ Auditorium ခန်းမ၌ MYANSAT DTH ရုပ်သံလိုင်း စတင်ထုတ်လွှင့်မှု ဖွင့်လှစ်ခြင်းအခမ်းအနားကို Animation ဖြင့် ဖွင့်လှစ်ပြသပြီး "အသစ်အဆန်းများဝေဆာ DTH ကမ္ဘာ " အမည်ပေးထားသည့် Video Clip ပြသမှုကိုဆက်လက်၍ ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားရာတွင် အများပြည်သူအတွက် ပျော်ရွှင်ကြည်နူး ချမ်းမြေ့မှုနှင့် စိတ်ခွန်အားသစ်များ ပေးစွမ်းနိုင်မည့် DTH ရုပ်သံလိုင်းသစ်တစ်ခုကို ထပ်မံတိုးချဲ့ ဖွင့်လှစ်ပေးနိုင်မည်ဖြစ်၍ အဓိပ္ပာယ်ရှိပြီး အနှစ်သာရ ပြည့်ဝသော မင်္ဂလာရှိသည့် အခမ်းအနားတစ်ခု ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ပြည်သူများ၏ သိရှိ၊ ခံစားပိုင်ခွင့်ဖြစ်သည့် သတင်းအချက်အလက်၊ အသိပညာ ဗဟုသုတနှင့် ဖျော်ဖြေရေးဆိုင်ရာများကို ဖြည့်ဆည်းပေးနိုင်ရန် နည်းလမ်းမျိုးစုံဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံပိုင်မီဒီယာများအပြင် ပုဂ္ဂလိကမီဒီယာများအပါအဝင် မီဒီယာကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူချိန်ဖြစ်သော ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် MRTV DTH အခမဲ့ရုပ်သံလွှင့်စနစ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်တိုင်တက်ရောက်ပြီး စတင်ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

ယနေ့တွင် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် DTH စနစ်ဖြင့် ရုပ်သံထုတ်လွှင့်မည့် MYANSAT DTH ကို စတင်ဖွင့်လှစ်ပေးမည် ဖြစ်ရာ ပြည်သူများအနေဖြင့် အရည်အသွေးပြည့်ဝသည့် ရုပ်သံလိုင်းများစွာကို စိတ်ကြိုက်ရွေးချယ်ပြီး ကြည့်ရှုနားဆင်ခွင့်များ ပိုမိုတိုးမြှင့် ရရှိကြမှာဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းရှိ မိဘပြည်သူများအတွက် သတင်းအချက်အလက်နှင့် အသိပညာ ဗဟုသုတများအပြင် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာဖြင့် ဝန်ဆောင်မှုပေးမည့်၊ ပြည်သူများပျော်ရွှင်ချမ်းမြေ့ပြီး စိတ်ခွန်အားသစ်များ ပေးစွမ်းနိုင်မည့်၊ ဆန်းသစ်သည့် နိုင်ငံတကာ နည်းပညာများနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝတို့ ဆုံမှတ်နေရာတစ်ခု ဖြစ်သော ပေါင်းကူး တံတားပုံစံဖြင့် ဝန်ဆောင်မှုပေးမည့် MYANSAT DTH ရုပ်သံလိုင်းအသစ်ဖွင့်လှစ်နိုင်မှုအပေါ် ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုအားပေးပါကြောင်း ပြောကြားသည်။

ယင်းနောက် Borderless Broadcast Co.,Ltd. မှ CEO ဦးသုတဇော်က MYANSAT DTH Product နှင့် MYANSAT App အကြောင်း ရှင်းလင်းတင်ပြပြီး Lao AsiaPacific Satellite Co., Ltd. မှ Deputy CEO မစ္စတာ လီကျုံးရွှမ်က ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ Borderless Broadcast Co.,Ltd. CEO နှင့် Lao Asia Pacific Satellite Co.,Ltd. မှ Deputy CEO တို့က MYANSAT DTH ရုပ်သံလိုင်းထုတ်လွှင့်မှုကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကုမ္ပဏီ CEO ဦးသုတဇော်က ပြည်ထောင်စုဝန်ကြီးအား MYANSAT DTH စတင်ဖွင့်လှစ်မှု အထိမ်းအမှတ်လက်ဆောင်ကို လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ထံ MRTV DTH အခမဲ့ဝန်ဆောင်မှု ရုပ်သံထုတ်လွှင့်မှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုရန် MRTV DTH စက်ပစ္စည်းအစုံ ၃၀၀၀ ကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ CEO ဦးသုတဇော်က MYANSAT DTH စက်ပစ္စည်းများ ဖြန့်ဖြူးရေးအတွက် Authorization Letter များကို အရောင်းကိုယ်စားလှယ်သုံးဦးထံ လွှဲပြောင်းပေးအပ်ပြီး MYANSAT DTH စတင်ဖွင့်လှစ်မှု အထိမ်းအမှတ် လက်ဆောင်များကို ဧည့်သည်တော်များထံ လိုက်လံပေးအပ်သည်။

ယင်းနောက် MRTV Orchestra နှင့်တွဲဖက်၍ နာမည်ကျော်တေးသံရှင်များ ဖြစ်ကြသည့် Lဆိုင်းဇီ၊ မိုးသောက်၊ အေးမြဖြူ၊ ပူစူးနှင့် အိုင်ရင်းဇင်မာမြင့် တို့က သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က MRTV Orchestra နှင့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေ ချီးမြှင့်ပေးအပ်သည်။

ယနေ့ စတင်ဖွင့်လှစ်ခဲ့သည့် MYANSAT DTH အမည်ဖြင့် ရုပ်သံလိုင်းများ ထုတ်လွှင့်မည့် Borderless Broadcast Co., Ltd. သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပူးပေါင်း၍ DTH စနစ်ဖြင့် ရုပ်သံလိုင်းများ ထုတ်လွှင့်နိုင်ရန် လုပ်ထုံးလုပ်နည်းများနှင့် အညီ ခွင့်ပြုချက်ရယူ ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သဘောတူစာချုပ်ချုပ်ဆို၍ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၅ ရက်မှစပြီး နိုင်ငံတစ်ဝန်းသို့ စမ်းသပ်ထုတ်လွှင့်ခဲ့ရာမှ ယနေ့တွင် အခမ်းအနားကျင်းပကာ စတင်ထုတ်လွှင့်ခြင်းဖြစ်သည်။

MYANSAT DTH အနေဖြင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ၊ ရိုးရာထုံးတမ်းအစဉ်အလာများ၊ သဘာဝသယံဇာတများ၊ ပြည်တွင်းသတင်းနှင့် နိုင်ငံတကာ ဖျော်ဖြေရေး အစီအစဉ်များကို အများပြည်သူ ကြည့်ရှုနိုင်ရန် အတွက် ဝန်ဆောင်မှုပေးနေသည့် ဖျော်ဖြေရေး မီဒီယာများနှင့် ပူးပေါင်းကာ နိုင်ငံတကာအဆင့်မီ ရုပ်သံအစီအစဉ်များ၊ ရသမျိုးစုံ၊ ဗဟုသုတမျိုးစုံ ပေးစွမ်းနိုင်မည့် နိုင်ငံတကာ ရုပ်သံလိုင်းများစွာကို Package နှစ်မျိုးခွဲခြား၍ ရုပ်သံလိုင်း ၉၈ လိုင်းပါဝင်သော MYANSAT DTH Package(1) နှင့် ၁၇၆ လိုင်းပါဝင်သော Package(2) တို့ဖြင့် ထုတ်လွှင့်ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပရိသတ်များအနေဖြင့် မြန်မာရုပ်သံလိုင်းများကို စုံလင်စွာ ရွေးချယ်ကြည့်ရှုနိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများဖြစ်သည့် MRTV HD, MRTV News, MRTV Parliament, MRTV NRC, MRTV Farmers' , MRTV Sport, MITV နှင့် Education Channel ဟူသည့် ရုပ်သံလိုင်း ရှစ်လိုင်းအပြင် Fortune, Channel-K, 5-plus, YTV, MAHAR, MAHAR ESPORTS ရုပ်သံလိုင်းများကိုလည်း ထည့်သွင်းပြသမည်ဖြစ်ကြောင်း နှင့် အခြားပုဂ္ဂလိက Channel များ ဆက်လက် ထည့်သွင်းပြသနိုင်ရန်နှင့် ကိုယ်ပိုင်ရုပ်သံလိုင်းများ ထုတ်လုပ်၍ တင်ဆက်နိုင်ရန် စီစဉ် ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ MYANSAT DTH ၏ ရုပ်သံအစီအစဉ်များကို Mobile Phone များပေါ်မှလည်း နေရာဒေသမရွေး၊ အချိန်မရွေးကြိုက်နှစ်သက်ရာ ရွေးချယ်ကြည့်ရှုနိုင်မည့် MYANSAT Application ဖြင့်လည်း ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

MYANSAT DTH အမည်ဖြင့် ဆောင်ရွက်သည့် BBTV ကုမ္ပဏီအနေဖြင့် MRTV DTH Free To Air အခမဲ့ဝန်ဆောင်မှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စက်ပစ္စည်းအသစ်အစုံ ၁၀၀၀၀ကို သုံးနှစ်အတွင်း ပေးအပ်မည်ဖြစ်ရာ ယနေ့အခမ်းအနားတွင် စက်ပစ္စည်းအသစ်အစုံ ၃၀၀၀ ကို ဦးစွာ ပေးအပ်ခြင်းဖြစ်သည်။

BBTV ကုမ္ပဏီအနေဖြင့် China Rocket ကုမ္ပဏီလီမိတက်၊ Laosat ကုမ္ပဏီလီမိတက်တို့နှင့် ပူးပေါင်းပြီး Laosat 1 Satellite ကိုအသုံးပြုကာ China Aerospace Science and Technology Corporation (CASC) ၏ Multi Village Plan၊ Sky Star Class Room Plan တို့ဖြင့် မြန်မာနိုင်ငံနယ်စပ်ဒေသအထိ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ အသိပညာ၊ လူငယ်များအတွက် ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဆင်းရဲနွမ်းပါးမှုများ လျှော့ချနိုင်ရန်၊ နှစ်နှစ်အတွင်း မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၄၂ ရွာမှ ကျေးရွာပေါင်း ၁၀၀ အထိ MYANSAT DTH စက်ပစ္စည်းများအပြင် TV နှင့် Solar စနစ် Battery များကို အဆင့်လိုက် တိုးချဲ့လှူဒါန်းနိုင်ရန် China AID အကူအညီရယူပြီး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# စီရော်နယ်လ်ဒို အယ်လ်နာဆာအသင်းနှင့် တစ်နှစ်စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိ




ဆော်ဒီကလပ် အယ်လ်နာဆာအသင်းသည် တိုက်စစ်မှူး စီရော်နယ်လ်ဒိုအား ၂၀၂၆ ခုနှစ် ဇွန်လအထိ စာချုပ်သက်တမ်း တိုးရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် စာချုပ်သစ်ကြောင့် တစ်နှစ်လုပ်ခလစာငွေ ယူရို သန်း ၂၀၀အထိ ရရှိလာမည်ဖြစ်ပြီး အားကစားသမိုင်းတွင်လည်း တန်ဖိုးအမြင့်ဆုံးလစာငွေရရှိသည့် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်လာမည်ဖြစ်သည်။

အသက်(၃၉)နှစ် အရွယ်ရှိ တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် အသက်အရွယ်ပိုင်းအားဖြင့် ရရှိပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးသည့်အပြင် အယ်လ်နာဆာအသင်းနှင့်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၂၀ကစားပြီး ၁၇ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသေးခြင်းကြောင့် အသင်းက ယခုလို စာချုပ်သက်တမ်းတိုးရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ယခု စာချုပ်သစ်ကြောင့် အသက် ၄၁ နှစ်ကျော်သည်အထိ ဘောလုံးဆက်ကစားသွားရဦးမည်ဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပမည့် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ သံတမန်တစ်ဦးအဖြစ်လည်း ခန့်အပ်ခြင်းခံထားရသောကြောင့် ဘောလုံးကစားသမားဘဝမှ အနားယူသွားချိန်မှာပင် ဆော်ဒီတွင် အားကစားပြိုင်ပွဲများ လက်ခံကျင်းပခွင့်ရရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရမည်လည်းဖြစ်ကြောင်း သိရသည်။

(NGB)

Mandalay City Development Committee
MANDALAY

- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။